# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၇) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (3-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၄၈)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော် ပျဉ်းမနားမြို့ မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော် အထက်ဌာပနာသွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဝတ္ထုကံတော်အတွင်းရှိ မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တိုင်းသြဝါဒါစရိယ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသနှင့် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်သမားများ ချုပ်ငြိမ်းပပျောက်စေရေး

နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးမှုဖြစ်စေသည့် အဓိကအကြောင်းရင်း တစ်ရပ်တွင် အကြမ်းဖက်လုပ်ရပ်များလည်း ပါဝင်ပေသည်။ ထိုကဲ့သို့ အဖျက်လုပ်ရပ်များကို မည်သည့်လူ့ဘောင်အဖွဲ့အစည်းကမျှ လက်ခံကြမည်မဟုတ်ပေ။ ထို့ကြောင့် အကြမ်းဖက်မှုအဖျက် လုပ်ရပ်ဟူသမျှ ချုပ်ငြိမ်းပပျောက်စေရေး ချေမှုန်းကြရမည်ဖြစ်ပေသည်။

ယခုအခါ NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ နှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် လူစည်ကားရာနေရာများကို ဖောက်ခွဲတိုက်ခိုက်ခြင်းများ၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုပိုင်အဆောက်အအုံများ၊ မီးရထားလမ်း၊ ကားလမ်း၊ တံတားများ၊ လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင်များ စသည်တို့ကို အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိပေသည်။

ထို့ပြင် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များ၏လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်နှင့် နိုင်ငံတကာစာမျက်နှာများပေါ်တွင် တပ်မတော်ပုံရိပ်များ ကျဆင်း စေရန်အတွက် ကောလာဟလသတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကိုလည်း တွေ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ဦးစီးဦးဆောင် ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ငွေကြေးရသည့်လုပ်ငန်းများ၊ တရားမဝင်မှောင်ခိုလုပ်ငန်းများ၊ မူးယစ်ဆေးလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်ကြသည်ကိုလည်း တွေ့ရပေသည်။

အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ဦးစီးဦးဆောင်ဆောင်ရွက်နေ ခြင်းဖြစ်ပြီး တရားမဝင်ငွေကြေးရသည့်လုပ်ငန်းများ၊ မူးယစ်ဆေးဝါးလုပ်ငန်းများ၊ အွန်လိုင်း လောင်းကစားမှုလုပ်ငန်းများဆောင်ရွက်ပြီး ငွေကြေးများရရှိလာသည်။ အဆိုပါငွေကြေးများနှင့် လက်နက်ခဲယမ်းများဝယ်ယူကာ လက်နက်ကိုင်အဖွဲ့အစည်းများ ဖွဲ့စည်း၍ အဆိုပါ တရားမဝင် လုပ်ငန်းများကို ကာကွယ်ထားခြင်းဖြစ်ပေသည်။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းဝင်ရောက်ကာ ဆက်ကြေးကောက်ခံခြင်း၊ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်သတ်ဖြတ်ခြင်းနှင့် အပြစ်မဲ့ပြည်သူများကို မတရားဖမ်းဆီးချုပ်နှောင်ခြင်းများ လုပ် ဆောင်လျက်ရှိသည်။ ထို့ကြောင့် ပြည်ဖျက်သောင်းကျန်းသူများကို ပြည်သူတစ်ရပ်လုံးက ဆန့်ကျင်ပြီး အကြမ်းဖက်သမားများ၏လှုပ်ရှားမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်သတင်းပေးပို့တိုင် ကြားရမည်ဖြစ်သကဲ့သို့ အကြမ်းဖက်သမားများ ချုပ်ငြိမ်းပပျောက်စေရေးကိုလည်း လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလက်တွဲကာ တတ်စွမ်းသရွေ့ ချေမှုန်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် ဆောင်းနေကြာအထူးစိုက် ၁၉၃ ဧကအတွက် ငွေကျပ် ၁၉ ဒသမ ၃ သန်း ထုတ်ချေးပေးထား



ယခင်နှစ်က ဆောင်းနေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ရှိ တောင်သူများကို ဆောင်းနေကြာ အထူးစိုက်ဧက ၁၉၃ ဧကအတွက် ငွေကျပ် ၁၉ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း မန္တလေး တိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်ခွဲအနေဖြင့် ဆောင်း နေကြာ အထူးစိုက်ပျိုးသည့် စိုက် ဧက ၈၀၀ အတွက် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစ၍ တောင်သူများကို စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးနေရာ ယနေ့ထိ တောင်သူ ၃၇ ဦး၊ စိုက် ဧကပေါင်း ၁၉၃ ဧကအတွက် ငွေကျပ် ၁၉ ဒသမ ၃ သန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ ကျန် ရှိနေသေးသည့် တောင်သူများ၏ စိုက်ဧကများအတွက်ကိုလည်း ဆက်လက်ထုတ်ချေးပေးလျက်ရှိ ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းနေကြာ အထူးစိုက်ပျိုးတဲ့ တောင်သူတွေကို ဆက်စပ်ဌာနတွေ နဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ထုတ်ချေးပေးတာပါ။ ထုတ်ချေးငွေ တွေကိုလဲ ၂၀၂၃ ခုနှစ် အောက်တို ဘာလ ဒုတိယပတ်ကနေစပြီး ချေး ပေးခဲ့တာပါ။ တောင်သူတွေကို အတိုးနှုန်းသက်သာစွာနဲ့ ထုတ်ချေး ပေးပါတယ်။ မန္တလေးတိုင်းဒေသ ကြီး မြို့နယ် ၁၃ မြို့နယ်က ဆောင်းနေကြာအထူးစိုက်ပျိုးတဲ့ တောင်သူတွေကို အဓိကထုတ်ချေး ပေးပါတယ်။ တစ်ဧကကို ငွေကျပ် ၁၀၀၀၀၀ နှုန်းနဲ့ ချေးပေးတာပါ။ တောင်သူတွေ အဆင်ပြေစေဖို့ အတွက် တောင်သူတွေရဲ့ စိုက်ပျိုး သီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်တွေ ရရှိစေဖို့ တစ်ဖက်တစ်လမ်းကနေ ကူညီ ဆောင်ရွက်ပေးနေတာပါ"ဟု တိုင်း ဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်း က ပြောပြသည်။

အဆိုပါ ဆောင်းနေကြာအထူး စိုက်ဧကများအတွက် ချေးငွေ ထုတ်ချေးပေးသွားမည့် မြို့နယ် များမှာ ချမ်းအေးသာစံမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦး မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦး လွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ မြင်းခြံမြို့နယ်၊ အမရပူရမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ပန်းတောင်း မြို့နယ်၊ ရမည်းသင်းမြို့နယ်တို့ဖြစ် ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မှ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူဘက်မှ ထွက်ရှိသည့် ကြက် သွန်နီများ အရောင်းအဝယ်ကောင်း လျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက် အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များ က ဝယ်ယူမှု များပြားလာပြီး အရောင်းအဝယ် ကောင်းလျက်ရှိ ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံက လည်း ကြက်သွန်နီကို ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ဆိပ်ဖြူနဲ့ မြင်းခြံ ဘက်ကထွက်တဲ့ ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ အရောင်း အဝယ်ပြန်ကောင်းလာတယ်။ အခု မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူ ဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေ အရောင်းအဝယ် တော်တော်လေး ကောင်းနေပါတယ်"ဟု ဒေါ်မေသဲ ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပခုက္ကူဘက် မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀၊ မြင်းခြံဘက်မှထွက်ရှိသည့် ကြက် သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ပေါက်ဈေးရှိပြီး အရောင်း အဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလောကတော့ ပခုက္ကူဘက်ကနေထွက်ရှိတဲ့ ကြက် သွန်နီတွေ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတယ်။ ပြည်ပနိုင်ငံတွေက ကြက်သွန်နီ အဝယ်များရင်တော့ မန္တလေးဈေး ကွက်ထဲ အရောင်းအဝယ်က ဒီထက်ပိုပြီး ကောင်းလာဖို့ရှိပါ တယ်"ဟု ဒေါ်မေသဲဆွေက ဆက် လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှထွက်ရှိသည့် မုန်လာဥဖြူများ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး အောင် မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ထွက်ရှိသည့် မုန်လာဥဖြူများ လှိုင်လှိုင်ဝင်ရောက် လာပြီး အရောင်းအဝယ်ကောင်း နေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တောင် ပေါ်ဒေသမှထွက်ရှိသည့် မုန်လာဥ ဖြူများ နေ့စဉ် ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက် နေကြောင်း၊ ယခုလက်ရှိ မုန်လာဥ ဖြူ ဈေးနှုန်းများမှာ အတွဲ ၄၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေ ကြောင်း သိရသည်။

"မုန်လာဥဖြူက တောင်ပေါ်ဒေသ တွေကပဲ ထွက်ရှိတယ်။ အရောင်း အဝယ်တွေ ကောင်းနေပါတယ်။ တောင်ပေါ်ဒေသက စိုက်ပျိုးထား ပြီး ထွက်ရှိလာတဲ့မုန်လာဥဖြူတွေ ဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ မြေပြန့်ဒေသတွေက ထွက်ရှိမှု မရှိ သေးပါဘူး။ စိုက်ပျိုးမှုတွေက အရင်နဲ့စာရင် နည်းလာပါတယ်။ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံ တွေလဲ အရောင်းအဝယ်ကောင်း နေပါတယ်"ဟု အောင် ကုန်စိမ်း ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မုန်လာဥဖြူများကို လက်ရှိတွင် ပြင်ဦးလွင်ဒေသ၌ အဓိကထား စိုက်ပျိုးကြပြီး ထွက်ရှိလာကြောင်း၊ လက်ရှိအချိန်တွင် မန္တလေး သီရိ မာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ် ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်မြို့ စားသောက်ကုန်ဈေးကွက်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်လာ

**ပုသိမ် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့ စားသောက်ကုန်ဈေးကွက်တွင် မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်လာကြောင်း ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပိုင်ရှင် ဒေါ်အေးအေးဝင်းက ပြောပြ၍ သိရသည်။

ပုသိမ်မြို့ စားသောက်ကုန်ဈေးကွက်တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှ ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ အဆိုပါမြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်လာခြင်းသည်မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းရှင်များက ဝယ်ယူမှု အားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“လက်ရှိ ပုသိမ်ပဲဈေးကွက်ထဲကို ဒေသမြေပဲဆန်တွေအပြင် အခြားဒေသကနေ နွေမြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ ပုသိမ်မှာ မိုးမြေပဲတွေ အရောင်းအဝယ် ဖြစ်နေပါတယ်။ မြေပဲဆီထုတ်လုပ်မှု အားကောင်းလာတာကြောင့် မြေပဲဆန်အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က ကောင်းဖို့ပဲရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မတ်လဆန်းလောက်မှာ မြေပဲအသစ်တွေ ထပ်ပေါ်လာမှာပါ။ လာမဲ့ မြေပဲအသစ်တွေမပေါ်သေးတဲ့အချိန်ထိ မြေပဲဆန်က အရောင်းအဝယ်ကောင်းလာဖို့ပဲရှိပါတယ်”ဟု ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပိုင်ရှင် ဒေါ်အေးအေးဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန်၊ မြေပဲအခွံပါစသည်ဖြင့် ပုံစံအမျိုးမျိုးထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

“အခု ဒေသမှာမြေပဲဆန်တွေ အရောင်းသွက်နေပါတယ်။ အခု အရောင်းသွက်နေတဲ့ မြေပဲဆန်တွေက မိုးဦးကာလက စိုက်ပျိုးခဲ့တဲ့ မြေပဲတွေပါ။ မြေပဲဆန်တွေ အရောင်းအဝယ်သွက်တော့ မြေပဲခွဲဆွတ်တဲ့လုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပါတယ်။ လာမဲ့လတွေဆို မြေပဲတွေလှိုင်လှိုင်ပေါ်တော့မှာပါ။ မြေပဲလှိုင်လှိုင်ပေါ်တဲ့အချိန် ဈေးကောင်းရရှိဖို့ မျှော်လင့်ပါတယ်”ဟု ပုသိမ်မြို့မှ တောင်သူ ဒေါ်အမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပင်လည်ဘူးမြို့ မိုးဆုတောင်ကျောင်း ဆရာတော်ဘဒ္ဒန္တဝိမလဓမ္မက ဆေးပဒေသာသင် အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဦးညွန့်သန်းက လက်ခံရယူစဉ်။

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၀၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**တမူး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် တမူးခရိုင်မှာ ဖူးစားပြောင်း ၁၀၀၅ ဧက စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ လက်ရှိဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့တယ်။ ဖူးစားပြောင်း အောင်မြင်ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေပါတယ်”ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်း စိုက်ပျိုးနိုင်မှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၂၅၀၊ တမူးမြို့နယ်တွင် ဧက ၃၅၀ နှင့် ခမ်းပါတ်မြို့တွင် ၄၀၅ ဧက စုစုပေါင်း ၁၀၀၅ ဧကဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောက်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် ပိုးနှင်ဆေးအသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# စဉ့်ကူးမြို့နယ် ပင်လယ်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စဉ့်ကူး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပင်လယ်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် VDP စီမံကိန်းတာဝန်ခံများက ပင်လယ်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပင်လယ်ကြီးကျေးရွာ၌ အလျား ပေ ၇၈၀၊ အနံ ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၇ ဒသမ ၂၂၄ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

# ညောင်ရွှေမြို့နယ် အင်ကြင်းကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ရွှေ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထပ်တိုးအကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးပေါခုံကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ဦးစီးအရာရှိ) ဒေါ်ခင်မြတ်မြတ်မူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အကြောင်းအရာတို့ကို ကျေးရွာသို့ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများရွေးချယ်နိုင်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဒေါ်မူစီ (ဒုတိယဦးစီးမှူး)က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏လုပ်ငန်းတာဝန်များနှင့် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

အင်ကြင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများကအနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်ရိုး(မလှိုင်)**



# မြန်မာတို့၏ ဂုဏ်ယူဖွယ်အမျိုးသားပြတိုက်နှစ်ခု

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာတစ်ဝန်း၌ ပြတိုက်ပေါင်း ၅၅၀၀၀ ကျော်ရှိသည့်အနက် အမျိုးသားပြတိုက်များသည် သက်ဆိုင်ရာနိုင်ငံနှင့်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့်သမိုင်းကိုပြသသည့် နေရာများဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသို့ သွားရောက်လည်ပတ်ကြသည့် နိုင်ငံ့ခေါင်းဆောင်များအပါအဝင် ခရီးသွားဧည့်သည်များသည် ထိုနိုင်ငံများရှိ အမျိုးသားပြတိုက်များသို့ သွားရောက်လည်ပတ်ကြည့်ရှုလေ့ရှိကြပေသည်။

ပြတိုက်ဟူသည့်ဝေါဟာရကို မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)တွင် "ပညာလိုက်စားသူအပေါင်းတို့အတွက် အဘက်ဘက်မှ အကူအပံ့ဖြစ်စေသော ပစ္စည်းအမျိုးမျိုးတို့ကို သိုမှီးပြသထားရာ အဆောက်အအုံများကို ပြတိုက်ဟု ခေါ်ဆိုနိုင်ပေသည်"ဟု ဖွင့်ဆိုသည်။ အခြေခံပြတိုက်ပညာစာအုပ်တွင်မူ ပြတိုက်ကို "ရှေးဟောင်းပစ္စည်းများ သို့မဟုတ် အမှတ်တရမှတ်တမ်းတင်ထားရှိရမည့်ပစ္စည်းများကို တစ်နေရာတည်း၌ စုစည်းထားပြီး အများပြည်သူများ စူးစမ်းလေ့လာရန်၊ သုတေသနပြုလုပ်ရန် လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေသည့် ပညာဖြန့်ဖြူးရာဌာနကြီး"ဟု ဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် နေပြည်တော်တွင် အမျိုးသားအဆင့်ပြတိုက်ကြီးတစ်ခုစီကို ဖွင့်လှစ်ထားပြီး ပြည်နယ်၊ တိုင်းဒေသကြီးများတွင်လည်း ရှေးဟောင်းသုတေသနပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်နှင့် အခြားပြတိုက်တချို့ကို ဖွင့်လှစ်ခဲ့သည်။

**မြန်မာနိုင်ငံရှိပြတိုက်များ၏ သမိုင်းကြောင်း**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၂ ခုနှစ် မတ် ၂၂ ရက်တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနကို စတင်ဖွဲ့စည်းခဲ့ရာ ပြတိုက်သည် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်မှ ဌာနတစ်ခုဖြစ်သည်။ ၁၉၅၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ပြတိုက်ဌာနကို နိုင်ငံတော်စာကြည့်တိုက်၊ အမျိုးသားပန်းချီခန်းမဆောင်တို့နှင့်ပေါင်းစည်း၍ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနအဖြစ် ဖွဲ့စည်းခဲ့သည်။ ထို့နောက် ပြတိုက်များသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနကို ပေါင်းစည်းဖွဲ့စည်းခဲ့သည့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန လက်အောက်သို့ ရောက်ရှိခဲ့ကာ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၄ ရက်မှစ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်သို့ ရောက်ရှိခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ မူဝါဒသုံးရပ်တွင် "ပြည်တွင်း၊ ပြည်ပယဉ်ကျေးမှုအမွေအနှစ်များနှင့် အသိပညာဗဟုသုတဆိုင်ရာ ဗဟိုဌာနအဖြစ် ပြတိုက်နှင့်စာကြည့်တိုက်များက ရပ်တည်၍ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးရန်ဖြစ်သည်"ဟု ပါရှိခဲ့သည်။

ထို့အတူ ဌာန၏မျှော်မှန်းချက်အဖြစ်(၁) ရှေးဟောင်းသုတေသနလုပ်ငန်းကို သုတေသနအမြင်မှသည် လူမှုအဖွဲ့အစည်း၏အကျိုးစီးပွားကို ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုပါ စိတ်ဝင်စားမှုပိုမိုလာနိုင်စေခြင်း၊ (၂) ပိုမိုစနစ်ကျသော သတင်းအချက်အလက်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်တို့ကို ဆောင်ရွက်ခြင်းဖြင့် တိကျမြန်ဆန်သော သုတေသနလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ခြင်း၊ (၃) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာလုပ်ငန်းများကို အမျိုးသားအဆင့်(National Level) တွင်သာမက ဒေသဆိုင်ရာအဆင့်(Regional Level)၊ ကမ္ဘာလုံးဆိုင်ရာအဆင့်(Global Level)ထိ ချိတ်ဆက်၍ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတကာ အာရုံစိုက်မှုရရှိစေခြင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို လာရောက်လေ့လာလိုသူများ ပိုမိုလာနိုင်ခြင်း၊ (၄)ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဒေသအဖြစ် တိုးမြှင့်တည်ရှိနိုင်ရေးနှင့် မီဒီယာအသွင် ထိရောက်သော ပညာပေးဆောင်ရွက်မှုကြောင့် လူထုနှင့် နိုင်ငံတကာတို့က မြန်မာ့ရှေးဟောင်းအမွေအနှစ်နှင့် သုတေသနပညာရပ်များကို ကျယ်ပြန့်စွာ သိမြင်လာနိုင်ခြင်း၊ (၅)ပြတိုက်နှင့် စာကြည့်တိုက်များ ခင်းကျင်းပြသမှုစနစ်တွင် ခေတ်မီနည်းစနစ်များ အစားထိုးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအဆင့်မီ ပြတိုက်နှင့် စာကြည့်တိုက်များပေါ် ထွန်းလာစေခြင်း၊ (၆)ရှေးဟောင်းဝတ္ထုပစ္စည်းများ ပိုမိုရှာဖွေဖော်ထုတ်စုဆောင်း၊ ပြသလာနိုင်သည်နှင့်အမျှ မြန်မာအမျိုးသားတို့၏ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားမှုတို့ကို သိမြင်လာနိုင်စေခြင်း၊ (၇)ရှေးဟောင်းသုတေသနဆိုင်ရာ၊ ပြတိုက်နှင့် စာကြည့်တိုက်များဆိုင်ရာပညာရပ်များ ဖြန့်ဖြူးခြင်းဖြင့် ယဉ်ကျေးမှုအသိစိတ်ဓာတ်များအား ပေါ်ပေါက်ခိုင်မာလာစေခြင်းဟူ၍ ချမှတ်ထားခဲ့ရာ ပြတိုက်များနှင့် စာကြည့်တိုက်များသည် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိနေသည်။




အမျိုးသားပြတိုက်(နေပြည်တော်)ကို တွေ့ရစဉ်။

ထို့အတူ ဌာနရည်မှန်းချက်တွင် ပြတိုက်နှင့် စာကြည့်တိုက်များ တိုးချဲ့တည်ဆောက်ဖွင့်လှစ်၍ ပညာပေးရေးလုပ်ငန်းများ၊ သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်ဟု ထည့်သွင်းသတ်မှတ်ခဲ့သည်။

**အမျိုးသားပြတိုက်နှစ်ခု**

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မြန်မာဘုရင်တို့၏ တော်ဝင်နန်းသုံးဖြစ်သည့် သီဟာသနပလ္လင်ကို အိန္ဒိယနိုင်ငံသို့ ယူဆောင်ပြီး ကာလကတ္တားပြတိုက်တွင် ထားရှိခဲ့သည်။ သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်လိုသည့်ဆန္ဒရှိကြောင်း ဗြိတိသျှဘုရင်ဂျော့ထံ အကြံပြုခဲ့ပြီး ဘုရင်က သဘောတူညီခဲ့သဖြင့် ဗြိတိသျှအစိုးရသည် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် မတ် ၁၂ ရက်တွင် နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်ထံ လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ထိုအချိန်က အမျိုးသားပြတိုက်ကို မတည်ဆောက်ရသေးသဖြင့် သီဟာသနပလ္လင်ကို ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်တွင်ထားရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ဦးဝိစာရလမ်းရှိ ဂျူဗလီခန်းမသို့ ပြောင်းရွှေ့ပြသခဲ့သည်။ သို့သော် ဂျူဗလီခန်းမတွင် သီဟာသနပလ္လင်နှင့် ရှေးဟောင်းအနုပညာပစ္စည်းအနည်းငယ်ကိုသာ ပြသနိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၆၈ ခုနှစ်တွင် အမျိုးသားပြတိုက်ကို ဂျူဗလီခန်းမမှ ပန်းဆိုးတန်းလမ်းရှိ အထပ်သုံးထပ်ပါရှိသည့် ဂရင်းလေးဘဏ်ဟောင်း အဆောက်အအုံ (ယခုစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်)သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အများပြည်သူများကို ဖွင့်လှစ်ပြသခဲ့သည်။ အဆိုပါအမျိုးသားပြတိုက်တွင် သီဟာသနပလ္လင်ကို မြေညီထပ်၌ထားရှိ၍ ကျန်အထပ်များတွင် မင်းခမ်းတော်ပစ္စည်းများ၊ ရှေးဟောင်းသုတေသနတူးဖော်မှုများမှရရှိသည့် ပစ္စည်းများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ တိုင်းရင်းသားလူမျိုးများ၏အသုံးအဆောင်ပစ္စည်းများကို ပြသခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် အမျိုးသားပြတိုက်ကို ထူထောင်ဖွင့်လှစ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့၌ နေရာအသီးသီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရပြီး ၁၉၉၀ ပြည့်နှစ်တွင်မှ လက်ရှိ အမျိုးသားပြတိုက်ကို တည်ဆောက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်း အမှတ်(၆၆/၇၄)တွင် တည်ရှိသည့် အမျိုးသားပြတိုက်(ရန်ကုန်)သည် အထပ်ငါးထပ်ပါဝင်၍ အလျားပေ၃၈၀ နှင့် အနံ ပေ ၂၀၀ ရှိသည်။ ၎င်းပြတိုက်ကို ၁၉၉၀ ပြည့်နှစ်တွင် အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ဧရိယာ ၃ ဒသမ ၈၀၄ ဧက ကျယ်ဝန်းသည့် အမျိုးသားပြတိုက်ဝင်းအတွင်း၌ မြန်မာ့သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်၍ အင်အားတောင့်တင်းသည့် မြန်မာနိုင်ငံတော်ကိုထူထောင်ခဲ့ကြသည့် အနော်ရထာမင်းကြီး၊ ဘုရင့်နောင်မင်းကြီးနှင့် အလောင်းမင်းတရားဦးအောင်ဇေယျတို့၏ သက်ရှိအရွယ်ရုပ်တုများကို စိုက်ထူထားသည်။

အမျိုးသားပြတိုက်(ရန်ကုန်)တွင် မြန်မာအက္ခရာနှင့် လက်ရေးမှုပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ သဘာဝသမိုင်းနှင့်မြန်မာ့သမိုင်းမတင်မီပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ လက်မှုအနုပညာပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းနှင့် အာဆီယံပြခန်းဟူသည့် ပြခန်း ၁၃ ဆောင် ဖွင့်လှစ်ပြသထားသည်။

အမျိုးသားပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ် နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိ ဖွင့်လှစ်ပြသထားသည်။ ခရီးသွားရာသီများတွင် အမျိုးသားပြတိုက်(ရန်ကုန်)သို့ နေ့စဉ် ပြည်ပဧည့်သည် ဦးရေ ၁၀၀၀ ကျော် လာရောက်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် နေပြည်တော်၌ အမျိုးသားပြတိုက်သစ်တစ်ခု တည်ဆောက်ဖွင့်လှစ်ရန် စီစဉ်ခဲ့ပြီး နေပြည်တော် အမျိုးသားပြတိုက်အဆောက်အအုံကို ၃၄ ဒသမ ၇၉ ဧကကျယ်ဝန်းသည့် မြေကွက်ပေါ်၌ ၂၀၁၀ ပြည့်နှစ် ဇွန် ၃ ရက်က ပန္နက်တင်ခဲ့သည်။ နေပြည်တော်အမျိုးသားပြတိုက်သည် နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမပေါ်ရှိ ကြာပန်းအဝိုင်းအနီးတွင် တည်ရှိသည်။ ပြတိုက်အဆောက်အအုံတွင် အဆောင် ငါးဆောင်ပါရှိ၍ အဆောင် အေနှင့် ဘီ တို့ကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ပထမအဆင့် ဖွင့်လှစ်ခဲ့သည်။

နေပြည်တော်အမျိုးသားပြတိုက်သို့ဝင်လိုက်သည်နှင့် ခန်းမဆောင်ဝင်ပေါက်အလယ်တွင် ကြီးမားသော ဆွမ်းအုပ်နီကြီးတစ်ခုကို မြင်ကြရသည်။ အဆောင်အေ ခန်းမဆောင်ငယ်(Mini Theatre)၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကို ပြည်ပနိုင်ငံခေါင်းဆောင်များကပေးအပ်ခဲ့သည့် လက်ဆောင်ပစ္စည်းများကိုပြသထားရာ အရှေ့တောင်အာရှ၊ ဥရောပနှင့်ကုလသမဂ္ဂအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ လှပဆန်းပြားသော လက်ဆောင်ပစ္စည်းများကို ဂုဏ်ယူဖွယ်တွေ့မြင်ကြရသည်။

နေပြည်တော်အမျိုးသားပြတိုက်တွင် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့သမိုင်းတင် ခေတ်ဦးပြခန်း (ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစုထိ)၊ သမိုင်းတင်ခေတ်ပြခန်း(အေဒီ ၁၁ ရာစုမှ အေဒီ ၁၄ ရာစု)၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ အာဆီယံပြခန်းနှင့် ကလေးသူငယ်ပညာပေးပြခန်းတို့ကို ခင်းကျင်းပြသထားသည်။


**ထူးခြားသည့်အမွေအနှစ်ပစ္စည်းများ**

ရန်ကုန်အမျိုးသားပြတိုက်တွင် ပြသထားသည့် ပစ္စည်းများအနက် သီဟာသနပလ္လင်တော်အစစ်၊ ပျူမင်းဆက်အမည်များရေးထိုးထားသည့် ဘုရားထောင်အရိုးအိုး၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အလောင်းမင်းတရားရွှေပေလွှာ ဒစ်ဂျစ်တယ်မိတ္တူ၊ သီပေါမင်း၏ဒုယင်တော်နှင့် စုဖုရားလတ်၏ မဟာလတာတန်ဆာဝတ်ရုံတော်၊ မှန်စီရွှေချသလွန်တော်၊ မင်းတုန်းမင်းမိဖုရားခေါင်ကြီး၏သလွန်၊ စုဖုရားလတ်၏ မှန်တင်ခုံ စသည့် ရတနာပုံခေတ်နန်းသုံးပရိဘောဂများ၊ နှစ်သန်း ၄၀ သက်တမ်းရှိပြီဖြစ်သည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ လက်ယာမင်းခမ်းတော် ၁၇ ပါးနှင့် လက်ဝဲမင်းခမ်းတော် ၁၈ ပါး၊ ပျူခေတ်လက်ရာ ရွှေနရားလက်ကောက်ခေါင်းပိုင်း၊ နွားရုပ်ပါရွှေဆွဲပြား၊ ပျူခေတ်နှောင်းပိုင်းလက်ရာ ရွှေတံဆိပ်ပြားလက်စွပ်၊ ကုန်းဘောင်ခေတ်လက်ရာ ရွှေဒါလီဆန်းဘယက်နှင့် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ရာမှ တူးဖော်ရရှိခဲ့သည့်ကျွန်းတိုင်ကြီးနှစ်လုံးကို ကြည့်ရှုသူများကအလွန်စိတ်ဝင်စားကြသည်။

ထို့အတူ နေပြည်တော်အမျိုးသားပြတိုက်တွင် ပြသထားသည့်ပစ္စည်းများတွင် နိုင်ငံတော်သမ္မတ လက်ခံရရှိခဲ့သည့် ပြည်ပနိုင်ငံခေါင်းဆောင်များ၏ လက်ဆောင်ပစ္စည်းများကို ကြည့်ရှုသူအများစုက အထူးစိတ်ဝင်စားကြသည်။ ထို့အတူ လူသားအစ မြန်မာကဟု ဂုဏ်ယူကြရမည့် လွန်ခဲ့သောနှစ်သန်း ၄၀ က ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် ပြဒါးလင်းဂူပုံစံတူ၊ ပျူခေတ်လက်ရာ နရားခေါင်းပုံ ရွှေလက်ကြပ်၊ ဆင်သုံးကောင်ပါကျောက်ဆွဲကြိုး၊ သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် သီဟဝိက္ကမ ပျူဘုရင်ကျောက်အရိုးအိုး၊ ပုဂံဘုရား အမှတ် (၂၁၁၈)မှရရှိခဲ့ပြီး အရှပ် ၇၈ ရုပ်ပါရှိသည့် လက်ဖဝါးအရွယ် အနှဂူ(Dolomite Stone) ရုပ်ကြွတို့သည် အလွန်ထူးခြားသည့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများဖြစ်ကြပေသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေ တစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၃၁၆ ဧက စိုက်ပျိုးပြီးစီး

**ကလေး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၃၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၅၉၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၃၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ သခွား၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ခဝဲ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က ခဝဲစိုက်ခင်းကို တွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

**အခြားပြတိုက်များ**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် အမျိုးသားပြတိုက်ကြီးနှစ်ခုအပြင် ရှေးဟောင်းသုတေသနပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက် စသည်တို့ကိုဖွင့်လှစ်၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ထိန်းသိမ်းပြသထားသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့်ဟန်လင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံနှင့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများဖြစ်သည့် မြောက်ဦး၊ အင်းဝ၊ တကောင်း၊ ရွှေဘို၊ ဟံသာဝတီမြို့ဟောင်းတို့တွင် ရှေးဟောင်းသုတေသနပြတိုက်များကို ဖွင့်လှစ်ခဲ့သည်။

ယဉ်ကျေးမှုပြတိုက်များကိုလည်း စာကြည့်တိုက်နှင့်တွဲလျက် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ ထားဝယ်၊ မန္တလေး၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ လားရှိုးနှင့် ပုသိမ်မြို့တို့တွင် ဖွင့်လှစ်ထားသည်။

ဗုဒ္ဓပြတိုက်များကို စစ်တွေ၊ စစ်ကိုင်းနှင့် ဘုတလင်မြို့တွင် ဖွင့်လှစ်၍ ပုံစံတူပြတိုက်များကို မန္တလေးနန်းတွင်း၌ မြနန်းစံကျော်ရွှေနန်းတော်ပုံစံငယ်ပြတိုက်နှင့် ပဲခူးမြို့၌ ကမ္ဘောဇသာဒီနန်းတော်ပုံစံတူပြတိုက်တို့ကို တည်ဆောက်ခဲ့သည်။

ထူးခြားပြတိုက်များအဖြစ် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်)၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(ရန်ကုန်)၊ စလေ ရုပ်စုံကျောင်းပြတိုက်နှင့် ကျောက်တော်မဟာမုနိပြတိုက်တို့ကို ဖွင့်လှစ်ထားသည်။

ယဉ်ကျေးမှုအမွေအနှစ်စံနှုန်းများနှင့်ကိုက်ညီသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို လုံခြုံစိတ်ချစွာတည်ရှိနေရေး၊ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ သေသပ်လှပတင့်တယ်စွာပြသနိုင်ရေး၊ အများပြည်သူများဗဟုသုတရရှိစေရေး၊ သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က ပြတိုက်များကိုဖွင့်လှစ်ပြသထားသဖြင့် နေရာဒေသအသီးသီးရှိ ပြတိုက်များတွင် ပညာရှင်များ၊ သုတေသီများ၊ ကျောင်းသား၊ ကျောင်းသူများအပါအဝင် မည်သူမဆိုသွားရောက်လေ့လာနိုင်ကြသည်။

ထို့ကြောင့် ပြတိုက်များသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တစ်နေရာတည်းတွင်လေ့လာနိုင်သည့် နေရာများဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များအပါအဝင် မြန်မာနိုင်ငံသားများသာမက ပြည်ပခရီးသွားဧည့်သည်များပါ သွားရောက်လေ့လာကြရသည့် ယဉ်ကျေးမှုမှတ်တမ်းဌာနများဖြစ်လာခဲ့ပေသည်။

**ကိုးကား**

- **နှစ်ချုပ်အစီရင်ခံစာများ(ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**
- **မြန်မာ့သမိုင်းကိုဖော်ကျူးနေတဲ့ အမျိုးသားပြတိုက် (Info Digest)**

## လွတ်လပ်ခြင်းမှ မြင့်မြတ်ခြင်းသို့

- လွတ်လပ်ရေးသံ တညံညံ
  လွင့်ပျံလော ဆင့်ရန်လော။
  ဟုတ်တည်း ပေါင်းသင်း ပေါင်းသင်း။
  ဟုတ်တည်း ရောင်းရင်း ရောင်းရင်း။
- အောင်မောင်းအောင်စည် သံညီ သံညီ။
- နှင်းမြူငွေချည် ရွှန်းလဲ့ကြည်
  ဝေရီဝေ့ဝေ့ဖြာ ဝေ့ဝေ့ဖြာ။
- ရန့်ထုံလွှမ်း သဇင်ပန်း
  ပွင့်လန်းသင်းကြိုင်စွာ သင်းကြိုင်စွာ။
- ရှင်းသန့်နုဝေ မြောက်ပြန်လေ
  ဆင့်ခြွေအေးမေတ္တာ အေးမေတ္တာ။
- အရယူပေး လွတ်လပ်ရေး
  နီသွေးရဲရင့်ဖြာ ရဲရင့်ဖြာ။
- ဇာနည်ရဲဘော် လူချွန်တော်
  တည်သော်သွေးသစ္စာ သွေးသစ္စာ။
- ဂုဏ်ရည်ပြည့်ဝ ဟေမန်လ
  အေးမြပြည်မြန်မာ ပြည်မြန်မာ။
- ဇန်နဝါရီ လွတ်လပ်ပြီ
  ဖွံ့တည်ကောင်းခြင်းသာ ကောင်းခြင်းသာ။
- သမိုင်းတစ်ကွေ့ ပြန်အောက်မေ့
  မာန်ပြည့်စိတ်မဟာ စိတ်မဟာ။
- "လွတ်လပ်"ပန်းတိုင် ရယူနိုင်
  ရင့်ခိုင်ဇွဲအသာ ဇွဲအသာ။
- ခုနစ်ဆယ့်ခြောက် မော်ကွန်းမြောက်
  ထွန်းတောက်သည်ချိန်ခါ သည်ချိန်ခါ။
- စောင့်ရှောက်ဖေးကူ စိတ်ချင်းတူ
  ပြည်သူဆုံစည်းရာ ဆုံစည်းရာ။
- မွန်မြတ်အမှု အလေးပြု
  လူထုပေါင်းဖွဲ့ကာ ပေါင်းဖွဲ့ကာ။
- ဦးညွှတ်ပြု"စံ" အဓိဋ္ဌာန်
  ရည်သန်လိုလားရာ လိုလားရာ။
- မြန်မာ့သမိုင်း ဂုဏ်ရည်လှိုင်း
  ပြည်တိုင်းပျံ့နှံ့စွာ ပျံ့နှံ့စွာ။
- ကြည်နူးပွဲတော် ကစားပျော်
  နွဲသော်နှင်းထဲမှာ နှင်းထဲမှာ။
- မွန်မြတ်မှုပေါင်း နိမိတ်ကောင်း
  သည်ဆောင်းချစ်စရာ ချစ်စရာ။
- နေ့ထူးရှိပေ သိကြလေ
  အမေပျားနေ့သာ ပျားနေ့သာ။
- ကြိုရေးလော။
  ချီတေးလော။
  စိုသွေးလော။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

# နိုင်ငံတကာ သတင်းများ

## ၂၀၂၃ ခုနှစ်အတွင်း ဗြိတိန်သို့ လှေငယ်များဖြင့် တရားမဝင် ဝင်ရောက်သူဦးရေ ကျဆင်းလာခဲ့

**လန်ဒန် ဇန်နဝါရီ ၂**

၂၀၂၃ ခုနှစ်အတွင်း လှေငယ်များဖြင့် ဗြိတိန်သို့ တရားမဝင်ရောက်ရှိလာသည့် ရွှေ့ပြောင်းဝင်ရောက်သူအရေအတွက်မှာ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃၆ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း ဇန်နဝါရီ ၁ ရက်သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ်အတွင်း အင်္ဂလန်တောင်ပိုင်းကမ်းခြေများသို့ လှေငယ်များဖြင့် ရောက်ရှိလာသူ အရေအတွက်မှာ ၂၉၄၃၇ ဦးထိ ရှိခဲ့ကြောင်း ဗြိတိန်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၂ ခုနှစ်အတွင်း ဗြိတိန်သို့လှေငယ်များဖြင့်ရောက်ရှိလာသည့် ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ၄၅၇၇၅ ဦးထိရှိခဲ့ကြောင်း ဗြိတိန်ပြည်ထဲရေးဝန်ကြီးဌာန စာရင်းဇယားများအရ သိရသည်။

အဆိုပါရွှေ့ပြောင်းဝင်ရောက်သူများသည် ကမ္ဘာပေါ်၌ရေကြောင်းသွားလာမှုအများဆုံး အင်္ဂလိပ်ရေလက်ကြားကို လှေငယ်များဖြင့် သက်စွန့်ဆံဖျားကူးဖြတ်၍ ဗြိတိန်နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာကြသူများ ဖြစ်ကြောင်း သိရသည်။

ဗြိတိန်သည် လက်ရှိအချိန်တွင် တရားမဝင် ဝင်ရောက်လာသူများ၏ဒုက္ခသည်အဖြစ် ခိုလှုံခွင့်လျှောက်ထားမှုများကို စိစစ်ရေးအတွက် တစ်နှစ်လျှင် စတာလင်ပေါင် သုံးဘီလီယံထိ သုံးစွဲနေရသည်။

လှေငယ်များဖြင့် တရားမဝင် ဝင်ရောက်မှုများကို လျှော့ချရေးသည် လက်ရှိဗြိတိန်ဝန်ကြီးချုပ် ဆူနက်ခ်၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့က နှစ်နိုင်ငံခရီးသွားများကို အမြဲတမ်းဗီဇာကင်းလွတ်ခွင့်ပေးရန် စီစဉ်



**ဗန်ကောက် ဇန်နဝါရီ ၂**

ထိုင်းနှင့် တရုတ်နိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံစလုံးမှ ခရီးသွားဧည့်သည်များအတွက် အမြဲတမ်းဗီဇာကင်းလွတ်ခွင့်ပေးရန် စီစဉ်ထားကြောင်း ထိုင်းဝန်ကြီးချုပ် ဆရက်ထာထာဗီဆင်က ယနေ့တွင် ပြောကြားခဲ့သည်။

ထိုင်းဝန်ကြီးချုပ်၏ အဆိုအရ တရုတ်နှင့်ထိုင်းနိုင်ငံတို့သည် ယခုနှစ် မတ်လမှစ၍ နှစ်နိုင်ငံခရီးသွားများအတွက် အမြဲတမ်းဗီဇာကင်းလွတ်ခွင့်စတင်ပေးရန် စီစဉ်ထားသည်။

အမြဲတမ်း ဗီဇာကင်းလွတ်ခွင့်ပေးခြင်းဖြင့် တရုတ်နှင့် ထိုင်း နှစ်နိုင်ငံ ဆက်ဆံရေးကိုလည်း အဆင့်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ဆရက်ထာထာဗီဆင်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့နည်းတူ အပြန်အလှန်ဗီဇာကင်းလွတ်ခွင့်များ ပေးအပ်ခြင်းဖြင့် တရုတ်နှင့်ထိုင်းပြည်သူများ တစ်နိုင်ငံမှ တစ်နိုင်ငံ အပြန်အလှန်သွားရောက်လည်ပတ်နိုင်မှု ပိုမိုမြင့်မားလာလိမ့်မည် ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း သတင်းထုတ်ပြန်ထားသည်။

အရှေ့တောင်အာရှ၏ စီးပွားရေးအင်အားဒုတိယအကြီးဆုံးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည် နိုင်ငံ့စီးပွားရေးအတွက် ခရီးသွားလုပ်ငန်းကို မှီခိုအားပြုထားရသော နိုင်ငံဖြစ်သည်။

၂၀၂၃ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ၂၈ သန်းဝင်ရောက်ခဲ့ရာ ဝင်ငွေအဖြစ် ဘတ်ငွေ ၁ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၉၃ ဘီလီယံ) ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂျပန်နိုင်ငံ၏ ဆူနာမီသတိပေးချက်မြေပုံ၌ ဒေါ့ခ်ဒိုကျွန်းစုထည့်ထားမှု တောင်ကိုရီးယားနိုင်ငံကန့်ကွက်

**ဆိုးလ် ဇန်နဝါရီ ၂**

ဇန်နဝါရီ ၁ ရက် မြေငလျင်အတွက် ဂျပန်နိုင်ငံက ထုတ်ပြန်ခဲ့သော ဆူနာမီအန္တရာယ်သတိပေးချက်နှင့်ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံက ယနေ့တွင် ကန့်ကွက်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံက ထုတ်ပြန်ထားသည့် ဆူနာမီအန္တရာယ် သတိပေးချက်တွင် တောင်ကိုရီးယားနိုင်ငံ၏ ဒေါ့ခ်ဒိုကျွန်းစုကိုပါ ထည့်သွင်းထားသည်ဟု တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ဒေါ့ခ်ဒိုကျွန်းစုသည် တောင်ကိုရီးယားနိုင်ငံက ထိန်းချုပ်ထားသော်လည်း ဂျပန်နိုင်ငံကလည်းပိုင်ဆိုင်ခွင့်တောင်းဆိုထားသော ကျွန်းစုဒေသဖြစ်သည်။

အရှေ့ပင်လယ် သို့မဟုတ် ဂျပန် ပင်လယ်ရေပြင်အတွင်း တည်ရှိသော အဆိုပါကျွန်းစုကို ဂျပန်နိုင်ငံက တာကီရှီးမားကျွန်းစုဟု၍ခေါ်ဆိုသည်။

တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် မကြာသေးမီနှစ်များအတွင်း ဆက်ဆံရေးနွေးထွေးလာသော်လည်း ဒေါ့ခ်ဒိုကျွန်းစုပိုင်ဆိုင်ခွင့် အငြင်းပွားမှုပြဿနာမှာ နှစ်နိုင်ငံဆက်ဆံရေးအတွက် အဖုအထစ်ဖြစ်နေဆဲ ဖြစ်ကြောင်း သိရသည်။

အင်အားပြင်းမြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဂျပန်မိုးလေဝသအေဂျင်စီကထုတ်ပြန်ခဲ့သည့် ဆူနာမီသတိပေးချက်မြေပုံ၌ဒေါ့ခ်ဒိုကျွန်းစုအားထည့်သွင်းထားမှုကို မိမိတို့အနေဖြင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် ဂျပန်အစိုးရကိုကန့်ကွက်ထားသည်ဟု တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## တောင်ကိုရီးယားအတိုက်အခံခေါင်းဆောင် လီဂျေးမြောင် နိုင်ငံရေးအခမ်းအနားတစ်ခု၌ ဓားထိုးတိုက်ခိုက်ခံရ

**ဘူဆန် ဇန်နဝါရီ ၂**

တောင်ကိုရီးယား အတိုက်အခံဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် လီဂျေးမြောင်သည် ယနေ့တွင် ဘူဆန်မြို့သို့ ရောက်ရှိနေစဉ် နိုင်ငံရေး အခမ်းအနားတစ်ခု၌ လည်ပင်းကို ဓားထိုးတိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

လည်ပင်းဓားဒဏ်ရာကြောင့် သတိလစ် မေ့မြောသွားခဲ့ရသည့် လီဂျေးမြောင်ကို ဆိုးလ်မြို့သို့ လေကြောင်းဖြင့်ပို့ဆောင်၍ အရေးပေါ်ဆေးဝါးကုသမှုများ ပြုလုပ်ပေးနေကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒီမိုကရက်တစ်ပါတီခေါင်းဆောင် လီဂျေးမြောင်သည် ဘူဆန်မြို့၌ ကျင်းပသည့် နိုင်ငံရေးအခမ်းအနားတစ်ခုတွင် ထောက်ခံသူများနှင့်အတူ ပါတီဆင်နွှဲနေစဉ် အမျိုးသားတစ်ဦး၏ ဓားထိုးတိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် လီဂျေးမြောင်ကို ဆိုးလ်အမျိုးသားတက္ကသိုလ်၌ ဆေးဝါးကုသမှုများ ခံယူနေပြီး အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေမျိုး မရှိတော့ကြောင်း သိရသည်။

လီဂျေးမြောင်သည် ၂၀၂၂ ခုနှစ် တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတယွန်ဆွတ်ယိုးကို ရှုံးနိမ့်ခဲ့ရသူဖြစ်သည်။

လီဂျေးမြောင်ကို တိုက်ခိုက်ခဲ့သောအမျိုးသားကို ဘူဆန်ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားပြီး တိုက်ခိုက်မှုကျူးလွန်ရခြင်း၏ ရည်ရွယ်ချက်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂျပန်လေဆိပ်၌ ခရီးသည်တင်လေယာဉ်မီးလောင်မှုဖြစ်ပွား

**တိုကျို ဇန်နဝါရီ ၂**

ဂျပန်နိုင်ငံ ဟာနီဒါလေဆိပ်၌ ဂျပန်လေကြောင်းလိုင်းပိုင်ခရီးသည်တင်လေယာဉ်တစ်စင်းသည် ယနေ့တွင် ဂျပန်ကမ်းခြေစောင့်တပ်လေယာဉ်ငယ်တစ်စင်းနှင့်ဝင်တိုက်ခဲ့ပြီးနောက် မီးလောင်ကျွမ်းခဲ့ရကြောင်း သိရသည်။

ယင်းလေယာဉ်နှင့် လိုက်ပါလာသည့် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း၃၇၉ ဦးစလုံးမှာ လေယာဉ်မီးဘေးမှ လွတ်မြောက်ခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့သော်ခရီးသည်တင်လေယာဉ်နှင့် ဝင်တိုက်ခဲ့သည့် ကမ်းခြေစောင့်တပ်လေယာဉ်ပေါ်၌ လိုက်ပါလာသူခြောက်ဦးအနက် ငါးဦးပျောက်ဆုံးနေပြီး လေယာဉ်မှူးမှာ အသက်ဘေးမှလွတ်မြောက်ခဲ့သည်။



အဆိုပါ ဂျပန်ကမ်းခြေစောင့်တပ်လေယာဉ်သည် မြေငလျင်ဒဏ်သင့်နယ်မြေများသို့ အကူအညီများ ပို့ဆောင်ရန် ဂျပန်အနောက်ဘက်ကမ်းရိုးတန်း နီဒင်ဂါတာလေဆိပ်သို့ပျံသန်းနေစဉ် ဂျပန်လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်နှင့် ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

လေယာဉ်ချင်း ဝင်တိုက်ခဲ့ပြီးနောက် ဂျပန်လေကြောင်းလိုင်းခရီးသည်တင်ယာဉ်သည် ပြေးလမ်းပေါ် ဆင်းသက် နိုင်ခဲ့သော်လည်း လေယာဉ်တစ်စင်းလုံး မီးလောင်ခဲ့ရသည်။

အဆိုပါမတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် ဟာနီဒါလေဆိပ်၏ လေယာဉ်ပြေးလမ်းအားလုံး ပိတ်ထားရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အလွန်ပြင်းထန်သောဒြပ်ဆွဲအားက ကမ္ဘာဂြိုဟ်အတွက် သဘာဝအလျောက်ပိုင်ဆိုင်ထားသော ဂြိုဟ်သိမ်ကာကွယ်ရေးစနစ်ဖြစ်နိုင်



**ဘေဂျင်း ဇန်နဝါရီ ၂**

အလွန်ပြင်းထန်သော ဒြပ်ဆွဲအားသည် ကမ္ဘာဂြိုဟ်အတွက် သဘာဝအလျောက် ပိုင်ဆိုင်ထားသော ဂြိုဟ်သိမ်ကာကွယ်ရေးစနစ်ဖြစ်နိုင်ကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

ဒြပ်ထု အလွန်ကြီးမားသော ဂြိုဟ်များနှင့် ဂြိုဟ်ရံလများကြား အပြန်အလှန်သက်ရောက်နေသည့် ဒြပ်ဆွဲအားသည် အခြားအာကာသ ဒြပ်ထည်များကို ဖြိုခွဲနိုင်လောက်အောင် အင်အားပြင်းထန်ကြောင်း ဆွီဒင် သိပ္ပံပညာရှင်များ၏အဆို အရ သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် ကမ္ဘာဂြိုဟ်ဒြပ်ဆွဲအား၏ ဂြိုဟ်သိမ် ကာကွယ်နိုင်စွမ်းကို စမ်းသပ်ရေးအတွက် ကွန်ပျူတာ စံပြုပုံစံများဖြင့် လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ကမ္ဘာဂြိုဟ်၏ ပြင်းထန်သောဒြပ်ဆွဲအားသည် ဂြိုဟ်သိမ်များကို ကာကွယ်ချေဖျက်နိုင်သည့် သဘာဝအတားအကွယ်တစ်မျိုး ဖြစ်နိုင်ကြောင်း ဆွီဒင်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

နှစ်စဉ်နှစ်တိုင်း ဂြိုဟ်သိမ်အများအပြားသည် ကမ္ဘာမြေကို လထက်ပိုနီးသည့်နေရာမှ ဖြတ်ကျော် ပျံသန်းတတ်ကြသည့်တိုင် ကမ္ဘာပေါ်သို့ ကျရောက်မှုများမှာ လွန်စွာရှားပါးခဲ့သည်။

သို့ဖြစ်ရာ ကမ္ဘာမြေ၏ပြင်းထန်သော ဒြပ်ဆွဲအားသည် သဘာဝပါ ဂြိုဟ်သိမ် ကာကွယ်ရေးစနစ်တစ်ခု ဖြစ်နိုင်သည်ဟု ဆွီဒင်သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ပရောဂျက်ကွိုပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်စီမံကိန်းက အဓိကစမ်းသပ်မှုတစ်ရပ်ကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂**

Amazon ကုမ္ပဏီ၏ ပရောဂျက်ကွိုပါအမည်ရှိ အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်စီမံကိန်းသည် အဓိကစမ်းသပ်မှုတစ်ရပ်ကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

Amazon ကုမ္ပဏီသည် Space-X ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်နှင့်အပြိုင် ပရောဂျက်ကွိုပါ ဂြိုဟ်တုကွန်ရက်ကို တည်ဆောက်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် ပရောဂျက်ကွိုပါကွန်ရက်အတွက် ဂြိုဟ်တု အစင်းပေါင်း ၃၂၀၀ ကျော် လွှတ်တင်ရန် စီစဉ်ထားသည်။




အဆိုပါ ဂြိုဟ်တုကွန်ရက်အတွက် Amazon ကုမ္ပဏီသည် နည်းပညာစမ်းသပ်ဂြိုဟ်တုနှစ်စင်းဖြင့် နည်းပညာစမ်းသပ်မှုများပြုလုပ်ခဲ့ရာ အောင်မြင်မှုများရရှိထားကြောင်း သိရသည်။

နည်းပညာစမ်းသပ် ဂြိုဟ်တုများနှင့်စမ်းသပ်မှုများ အောင်မြင်ခဲ့ခြင်းကြောင့် Amazon ကုမ္ပဏီအနေဖြင့် ယခုနှစ်အတွင်း ပရောဂျက်ကွိုပါဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုများ စတင်လွှတ်တင်နိုင်မည်ဖြစ်သည်။

Amazon ကုမ္ပဏီ၏ ပရောဂျက်ကွိုပါကွန်ရက်သည် ယခုနှစ်အတွင်းမှာပင် ဝန်ဆောင်မှုများ စပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကွာဒရန်းဒစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ် ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် အထွတ်အထိပ်သို့ရောက်ရှိမည်

**ဝါရှင်တန် ဇန်နဝါရီ ၂**

၂၀၂၄ ခုနှစ်၏ ပထမဆုံး ဥက္ကာမိုးရွာသွန်းမှုဖြစ်သည့် ကွာဒရန်းဒစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်သည် ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် အထွတ်အထိပ်သို့ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ကွာဒရန်းဒစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ် အထွတ်အထိပ်ရောက်နေစဉ်အတွင်း တစ်နာရီလျှင် ဥက္ကာခဲ ၁၂၀ ထိ ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာမှုကို တွေ့မြင်နိုင်မည်ဖြစ်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ကွာဒရန်းဒစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်သည် ၂၀၂၄ ခုနှစ်၏ အားအကောင်းဆုံး ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်လည်းဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်များကို ၎င်း ဥက္ကာခဲများ ပေါ်ထွက်လာဖွယ်ရှိရာ နက္ခတ်တာရာနယ်မြေများကို အစွဲပြု၍ အမည်ပေးလေ့ရှိကြောင်း သိရသည်။

ကွာဒရန်းဒစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်ကို ကွာဒရန်းဒစ်နက္ခတ်တာရာနယ်မြေကို အစွဲပြု၍ အမည်ပေးထားခြင်းဖြစ်သည်။

ကွာဒရန်းဒစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်သည် ၂၀၀၃ အီးအိတ်ချ်-၁ အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းက ချန်ထားရစ်ခဲ့သည့် ကျောက်သားကျောက်ခဲများကြောင့် ပေါ်ပေါက်လာသည့် ဖြစ်စဉ်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## စတာတင်ဆေးများက အူမကြီးကင်ဆာဆဲလ်များ ကြီးထွားမှုကိုတားဆီးရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် ဇန်နဝါရီ ၂**

ကိုလက်စထရောလျှော့ချရေးဆေးတစ်မျိုးဖြစ်သည့် စတာတင် (Statin) ဆေးများသည် အူမကြီးကင်ဆာဆဲလ်များ ကြီးထွားမှုကို တားဆီးရာတွင် အထောက်အကူပြုနိုင်ကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အူမကြီးကင်ဆာနှင့် ကိုလက်စထရောတို့ကြား ဆက်စပ်မှုရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အူမကြီးကင်ဆာဆဲလ်များတွင် ကိုလက်စထရောများ ပရမ်းပတာဖြစ်နေတတ်ရာ စတာတင်ဆေးများသည် ၎င်းကင်ဆာဆဲလ်များကြီးထွားမှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အူမကြီးကင်ဆာရောဂါသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံး ကင်ဆာရောဂါများထဲတွင် အပါအဝင်ဖြစ်သည်။

သို့ရာတွင် အူမကြီးကင်ဆာရောဂါသည် စောစောစီးစီး ရှာဖွေဖော်ထုတ်နိုင်သည့် ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်တွင် တရုတ်သုတေသနပညာရှင်များပြုလုပ်ခဲ့သည့် လေ့လာချက်ရလဒ်များအရ အူမကြီးကင်ဆာရောဂါကို မဖော်ထုတ်နိုင်မီ စတာတင်ဆေးသုံးစွဲမှုသည် အူမကြီးကင်ဆာလူနာများကြား ရောဂါကြောင့် သေဆုံးမှုနှုန်းကို လျှော့ချနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကာဘိုဟိုက်ဒရိတ်ပါဝင်မှု လျှော့ချထားသော ဓာတ်စာပုံစံတိုင်းက ကိုယ်အလေးချိန်လျှော့ချပေးနိုင်မှုမရှိ

**နယူးယောက် ဇန်နဝါရီ ၂**

ကာဘိုဟိုက်ဒရိတ် ပါဝင်မှု လျှော့ချထားသည့် ဓာတ်စာပုံစံတိုင်းသည် ကိုယ်အလေးချိန်ကို လျှော့ချပေးနိုင်မှုမရှိဘဲ အချို့ဓာတ်စာပုံစံများဆိုလျှင် စားသုံးသူများ၌ ကိုယ်အလေးချိန်ပင် တိုးလာနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။

ကာဘိုဟိုက်ဒရိတ် ပါဝင်မှု လျှော့ချထားသည့် ဓာတ်စာများကို ကိုယ်အလေးချိန် လျှော့ချရေး ဓာတ်စာများအဖြစ် နှစ်ပေါင်းများစွာ လက်ခံထားခဲ့ကြသည်။

အမေရိကန်နိုင်ငံ ဟားဗက်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၁၂၃၃၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာမှုတွင်ပါဝင်သူအားလုံးမှာ ကာဘိုဟိုက်ဒရိတ်လျှော့ချထားသည့် ဓာတ်စာပုံစံငါးမျိုးအနက် တစ်မျိုးကို စွဲစွဲမြဲမြဲစားသူများဖြစ်ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကာဘိုဟိုက်ဒရိတ်လျှော့ချထားသည့် ဓာတ်စာပုံစံများအနက် အပင်အခြေခံဓာတ်စာပုံစံနှင့် လုံးတီးကောက်နှံဓာတ်စာပုံစံများသည်သာ ကိုယ်အလေးချိန်ကို သိသိသာသာ လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ရာတွင် ကာဘိုဟိုက်ဒရိတ် လျှော့ချထားသော်လည်း တိရစ္ဆာန်ထွက် ပရိုတင်းနှင့်အဆီဓာတ်များ ပါဝင်သော ဓာတ်စာများမှာမူ ကိုယ်အလေးချိန်ကို သိသိသာသာ လျှော့ချပေးနိုင်မှု မရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၄ ခုနှစ်အတွင်း အန်တိုနီဂျိုရှာနှင့် ထိုးသတ်မည့် ပြိုင်ဘက်ရွေးချယ်ခြင်းကို အက်ဒီဟန်းဆောင်ရွက်မည်



**လန်ဒန် ဇန်နဝါရီ ၂**

အန်တိုနီဂျိုရှာသည် ကမ္ဘာ့ချန်ပီယံများကို စိန်ခေါ်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ်အတွင်း ပစ်မှတ်ထားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်လက်ဝှေ့သမား ဒီယွန်တေဖြင့် ထိုးသတ်သွားရန်ပြင်ဆင်ခဲ့သော်လည်း ဒီယွန်တေသည် မထင်မှတ်ဘဲ နယူးဇီလန်လက်ဝှေ့သမား ဂျိုးဆပ်ပါကားကို ရှုံးနိမ့်ခဲ့သည့်အတွက် အန်တိုနီဂျိုရှာနှင့်ထိုးသတ်ရန်ပြင်ဆင်ထားမှုကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

အန်တိုနီဂျိုရှာသည် ၂၀၂၄ ခုနှစ်၌ ထိုးသတ်သွားမည့်ပြိုင်ဘက်ရွေးချယ်မှုနှင့်ပတ်သက်ပြီး ပြိုင်ဘက်လေးဦးကို စဉ်းစားထားသည်ဟု အန်တိုနီဂျိုရှာ၏ Promoter အက်ဒီဟန်းက ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ပထမဦးစားပေးပြိုင်ဘက်အနေဖြင့် ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် တိုင်ဆန်ဖျူရီနှင့် အလက်ဇန်းဒါး အူဆက်ခ်တို့ပွဲစဉ်မှအနိုင်ရရှိလာသူဖြင့် စိန်ခေါ်ထိုးသတ်သွားမည်ဖြစ်ပြီး ယင်းစိန်ခေါ်ပွဲအဆင်မပြေဖြစ်ခဲ့ပါက ဒုတိယဦးစားပေးအနေဖြင့် ရှုံးပွဲမရှိသေးသည့် ခရိုအေးရှားလက်ဝှေ့သမား ဟာဂိုဗစ်နှင့်လည်းကောင်း၊ တတိယပွဲဦးစားပေးအနေဖြင့် တရုတ်ဟဲဗီးဝိတ်တန်းလက်ဝှေ့သမားကျိုလီကျန်းနှင့်လည်းကောင်း အဆိုပါပြိုင်ဘက်သုံးဦးနှင့်ထိုးသတ်ရန် ဆွေးနွေးမှုအဆင်မပြေဖြစ်ခဲ့ပါက UFCကမ္ဘာ့ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံဟောင်း ဖရန်စစ်နှင့် ထိုးသတ်ရန် စီစဉ်သွားမည်ဟု အက်ဒီဟန်းက ပြောကြားခဲ့ကြောင်း သိရသည်။

အန်တိုနီဂျိုရှာ၏ Promoter အက်ဒီဟန်းက "အန်တိုနီဂျိုရှာအနေနဲ့ ၂၀၂၃ ခုနှစ်အတွင်းမှာ တော်ရုံလက်ဝှေ့သမားမလုပ်နိုင်တဲ့စိန်ခေါ်ပွဲ သုံးပွဲထိုးသတ်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်အတွက် ဒီယွန်တေနဲ့ ထိုးသတ်သွားဖို့ စီစဉ်ထားပေမဲ့ အခြေအနေတွေက ဒီယွန်တေနဲ့ ထိုးသတ်ဖို့ အဆင်မပြေနိုင်တော့ဘူး။ ဒါပေမဲ့ အန်တိုနီဂျိုရှာအတွက်က ရွေးချယ်စရာအများကြီးရှိပါတယ်။ ရွေးချယ်စရာအများကြီးထဲကမှ ဦးစားပေးအနေနဲ့ တိုင်ဆန်ဖျူရီနဲ့ အလက်ဇန်းဒါးဗီရက်ဖ်တို့ပွဲစဉ်မှာ အနိုင်ရလာတဲ့ ချန်ပီယံနဲ့ထိုးသတ်ဖို့ ဆွေးနွေးသွားမယ်။ အဆင်မပြေခဲ့ရင်တော့ ရှုံးပွဲမရှိသေးတဲ့ ဟာဂိုဗစ်နဲ့ဆွေးနွေးသွားမယ်။ အဆင်မပြေဖြစ်ခဲ့ရင်လဲ တရုတ်လက်ဝှေ့သမား ကျိုလီကျန်းနဲ့ထိုးသတ်ဖို့စီစဉ်မယ်။ နောက်ဆုံးဆွေးနွေးမှု အားလုံးအဆင်မပြေခဲ့ရင်တော့ ဖရန်စစ်နဲ့ထိုးသတ်သွားဖို့ စီစဉ်သွားမယ်။ ကျွန်တော့်အနေနဲ့ ဦးစားပေးရွေးချယ်သွားမဲ့ ပြိုင်ဘက်နဲ့ ထိုးသတ်သွားနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ဆိုစီဒက်အသင်းက ကားလို့စ်ဗီလာကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်

**မက်ဒရစ် ဇန်နဝါရီ ၂**

ဆိုစီဒက်အသင်းသည် ဒုတိယရာသီဝက်တွင် အသင်းတိုက်စစ်ပိုင်းကို ထပ်မံဖြည့်တင်းလိုသည့်အတွက် မေဂျာလိဂ်ကလပ် အယ်လ်အေအက်ဖ်စီအသင်းတွင် ကစားနေသည့် ကားလို့စ်ဗီလာကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။

ကားလို့စ်ဗီလာသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ ဆိုစီဒက်အသင်းတွင်ကစားခဲ့ပြီး အသင်းတိုက်စစ်ပိုင်းကို အကောင်းဆုံးဦးဆောင်၍ ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သောကြောင့် ဆိုစီဒက်အသင်းက ဒုတိယရာသီဝက်တွင် ၎င်းကိုပြန်လည်ခေါ်ယူ၍ တိုက်စစ်ပိုင်းကို မြှင့်တင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ကားလို့စ်ဗီလာနှင့် ဆိုစီဒက်အသင်းတို့ကြား နှစ်ဖက်သဘောတူညီမှုရယူနိုင်ခဲ့သော်လည်း ၎င်းသည် မေဂျာလိဂ်ကလပ်တွင် အခြားကလပ်အသင်းများတွင်ကစားခဲ့စဉ်ကထက် လုပ်ခလစာပိုမိုရရှိနေသည့်အတွက် ဆိုစီဒက်အသင်းအနေဖြင့် လုပ်ခလစာနှင့် ပတ်သက်၍ ဆွေးနွေးမှု ထပ်မံပြုလုပ်နေရကာ ငွေကြေးသုံးစွဲမှု ပြုလုပ်မှသာ ကားလို့စ်ဗီလာကို ခေါ်ယူနိုင်ဖွယ်ရှိသည်။

ဆိုစီဒက်အသင်းမှ တောင်ပံတိုက်စစ်မှူး အလီချိုသည်အသင်းမှ ထွက်ခွာရန် သေချာနေသောကြောင့် အသင်းတာဝန်ရှိသူများက မက္ကဆီကိုနိုင်ငံသား ကားလို့စ်ဗီလာကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

ကားလို့စ်ဗီလာသည် ဆိုစီဒက်အသင်းတွင်ကစားခဲ့စဉ်က ပြိုင်ပွဲစုံ ၂၅၀ တွင် ၇၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၄၃ ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီးဆုဖလားရယူနိုင်ခဲ့ခြင်းမရှိသော်လည်း အယ်လ်အေအက်ဖ်စီအသင်းတွင် ပြိုင်ပွဲစုံ ၁၈၇ ပွဲ၌ ၉၃ ဂိုးသွင်းယူနိုင်ခဲ့ကာ မေဂျာလိဂ်ကွန်းဖရန့် ချန်ပီယံဆုဖလားနှင့်မေဂျာလိဂ်ချန်ပီယံဆုဖလားတို့ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML



# ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပဲလေ့စ်အသင်းမှ ထွက်ခွာမည်ဟု နည်းပြရှိုင်ဟော့ဆန်ပြောကြား

**လန်ဒန် ဇန်နဝါရီ ၂**

ပဲလေ့စ်အသင်းနည်းပြ ရှိုင်ဟော့ဆန်သည် အသင်းနှင့်လာမည့် ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးချိန်၌ သက်တမ်းတိုးရန်မစီစဉ်တော့ဘဲ အသင်းမှ ထွက်ခွာမည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၇၆ နှစ်ရှိ နည်းပြရှိုင်ဟော့ဆန်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ကစားခဲ့သည့် ဘရန့်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီးနောက် ၎င်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြရှိုင်ဟော့ဆန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြပီအဲရာ၏နေရာကို တာဝန်ယူခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲတွင် ငါးပွဲအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာအသင်းကို တန်းဆင်းဇုန်မှလွတ်မြောက်အောင် ကူညီပေးနိုင်ခဲ့ပြီးနောက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများက တစ်နှစ်သက်တမ်းတိုးခဲ့သောကြောင့် နည်းပြတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

သို့သော် အသင်းအနေဖြင့် နိုဝင်ဘာလကကစားခဲ့သည့် ဘန်လေအသင်းနှင့်ပွဲစဉ်အပြီးတွင် အမှတ်ပေးပြိုင်ပွဲခုနစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သောကြောင့် နည်းပြဟော့ဆန်နှင့်ပဲလေ့စ်အသင်းတို့ အနာဂတ်မှာ မရေမရာမှုများရှိလာခဲ့ပြီး ဘရန့်ဖို့ဒ်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြရှိုင်ဟော့ဆန်က စာချုပ်ကုန်ဆုံးပါက အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်းပြောကြားခဲ့ သကဲ့သို့အသင်းတာဝန်ရှိသူများကလည်း ရလဒ်ပိုင်းကိုစောင့်ကြည့်နေကာ နည်းပြအပြောင်းအလဲ ပြုလုပ်နိုင်ဖွယ်ရှိနေသည်။

ပဲလေ့စ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းကို အနိုင်ရခဲ့ပြီးနောက် တန်းဆင်းဇုန်နှင့်ရမှတ်ခြောက်မှတ် ဖြတ်တောက်နိုင်ခဲ့သဖြင့် အဆင့် (၁၄)တွင်ရောက်ရှိခဲ့ပြီး ဇန်နဝါရီ ၄ ရက်တွင် အဲဗာတန်အသင်းနှင့် အက်ဖ်အေဖလား ပွဲစဉ်အပြီး ဇန်နဝါရီ ၂၀ ရက်၌ အာဆင်နယ်အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : ML

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက အာဖရိကဖလားပြိုင်ပွဲကစားမည့် အိုနာနာ၏နေရာတွင်အစားထိုးနိုင်ရန် လာဇီယိုဂိုးသမား ပရိုဗီဒယ်ကို စတာလင်ပေါင်သန်း ၃၀ ဖြင့်ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- နော့တင်ဟမ်အသင်း နည်းပြဆန်းတို့စ်က ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အတွေ့အကြုံကောင်းများရှိနေသည့် ပီအက်စ်ဂျီအသင်းဂိုးသမား နာဗက်ကို အငှားစာချုပ်ဖြင့်ထပ်မံခေါ်ယူနိုင်ရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- လက်ပါးမက်ခံစစ်ကစားသမား ဂျူလီယန်အနေဖြင့် အပြောင်းအရွှေ့သဘောတူညီချက်အရ မိခင်ကလပ် ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ခွင့်ရမည်မဟုတ်ကြောင်း သိရသည်။
- ဂါလာတာစာရေးအသင်းက ကွင်းလယ်ကစားသမား ဇီရက်ချ်ကို အငှားစာချုပ်ဖျက်သိမ်းရန်စီစဉ်နေသောကြောင့် ယခုအပြောင်းအရွှေ့ကာလတွင် ချဲလ်ဆီးအသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်ကြောင်း အေးဂျင့်ဂျော့ဂါဒီက ပြောကြားခဲ့သည်။

ML

# ဆာပေါ်လိုခံစစ်ကစားသမား ဘာရာဒိုကို ပီအက်စ်ဂျီအသင်း ယူရိုသန်း ၂၀ ဖြင့်ခေါ်ယူ

**ပဲရစ် ဇန်နဝါရီ ၂**

ပီအက်စ်ဂျီ အသင်းသည် ဘရာဇီးကလပ် ဆာပေါ်လိုအသင်းတွင်ခြေစွမ်းပြသနေသည့် အသက် ၂၀ ရှိ ခံစစ်ကစားသမား ဘာရာဒိုကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ဖြင့်ခေါ်ယူခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မကြာသေးမီက ခံစစ်ကစားသမား ဘာရာဒိုကို လီဗာပူးအသင်းကခေါ်ယူရန် ချိတ်ဆက်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းကလက်ဦးမှုရယူ၍ ပြောင်းရွှေ့ကြေးယူရို သန်း ၂၀ ဖြင့် သဘောတူညီမှုရရှိခဲ့ပြီး ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

လက်ရှိတွင် နည်းပြအန်းနရစ်သည် အားနည်းနေသည့် ခံစစ်ပိုင်းကို ထပ်မံဖြည့်တင်း၍ လီဂူးဝမ်းချန်ပီယံဆုဖလားကို ဆက်လက်ထိန်းသိမ်းနိုင်ရန် လူငယ်ကစားသမား ဘာရာဒိုကို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် အသင်းတွင် ကျောနံပါတ် ၃၅ ကိုဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းက ထုတ်ပြန်ခဲ့သည်။

ဘာရာဒိုက "ပီအက်စ်ဂျီအသင်းလို ရည်မှန်းချက်ကြီးမားတဲ့အသင်းကြီးနဲ့ ပူးပေါင်းခွင့်ရတာ အရမ်းကိုပျော်ရွှင်မိပါတယ်။ဒါဟာ ကျွန်တော့်ဘဝရဲ့ အရေးကြီးတဲ့ ခြေလှမ်းတစ်ခုဖြစ်ပြီး ကစားသမားဘဝအောင်မြင်မှုတွေ ရယူနိုင်မှာ သေချာပါတယ်။လက်ရှိမှာ အသင်းဖော်တွေနဲ့တွေ့ခွင့်ရဖို့ မစောင့်စားနိုင်တော့ပါဘူး"ဟုပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ဆိုစီဒက်အသင်းနှင့် ကစားရမည်ဖြစ်ပြီး လာမည့် ဇန်နဝါရီ ၄ ရက်တွင် ပြင်သစ်စူပါဖလားဖိုင်နယ်ပွဲစဉ်အဖြစ် တူးလော့အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : ML



# ကလေးများကို အလေးထား၍ပျိုးထောင်ပါ

ခင်မောင်မြင့်

ကလေးများသည် နောင်တစ်ခေတ်၊ နောင်တစ်ချိန်တွင် လောကအကျိုး၊ လူ့အကျိုးကို သယ်ပိုးထမ်းရွက်ရမည့် အနာဂတ်၏ လင်းလက်ကြယ်စင်လေးများပင်ဖြစ်သည်။ အနာဂတ်၏ လင်းလက်ကြယ်စင်လေးများအနေဖြင့် ငယ်ရွယ်စဉ်ကပင် ဘဝကိုပျော်ရွှင်စွာဖြတ်သန်းပြီး စိတ်ဒဏ်ရာမရရှိစေရန်မှာ အလွန်ပင်အရေးကြီးသော အကြောင်းခြင်းရာဖြစ်သည်။ ကလေးများကို ပြုစုပျိုးထောင်ခြင်းသည် လွယ်ကူသည့်အရာမဟုတ်ပေ။

“လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ” ဟုဆိုသည့်အတိုင်း မိဘများ၏ သွန်သင်ပျိုးထောင်ပေးမှုသည် အလွန်ပင်အရေးပါသည်။ ထို့နောက် ညီအစ်ကိုမောင်နှမများ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများ၏ စကားပြောဆိုပုံ၊ အမူအကျင့်များနှင့်လည်း အချိုးကျသက်ဆိုင်နေသေးသည်။ ကလေးများ၏ မိဘ၊ ညီအစ်ကိုမောင်နှမ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ်မူတည်၍ ကလေး၏စိတ်သည်လည်း တစ်မျိုးတစ်မည် ပြောင်းလဲသွားတတ်ကြသည်။ ပတ်ဝန်းကျင်ကောင်းတွင်နေရသော ကလေးများအဖို့ သာယာပျော်ရွှင်ဖွယ်ဘဝ၊ သာယာပျော်ရွှင်ဖွယ်အမူအကျင့်များကို လိုက်ပါလုပ်ဆောင်၍ လိမ္မာယဉ်ကျေးတတ်ကြသည်။ မကောင်းသောပတ်ဝန်းကျင်၌နေရသော ကလေးသူငယ်များအဖို့ အလွန်ပင်ဝမ်းနည်းစရာကောင်းလှသည်။ ရှုန့်ရင်းကြမ်းတမ်းသော အပြောအဆို၊ အပြုအမူများကို နေ့စဉ်ကြားနေရ၊ မြင်နေရ၍ စိတ်နှလုံးမနူးညံ့၊ မပျော့ပျောင်းနိုင်တော့ပေ။ အရွယ်ရောက်လာသည့်အခါ ၎င်းတို့၏ အပြုအမူ၊ အပြောအဆိုများကို ကြည့်ခြင်းအားဖြင့် ကလေး၏ ငယ်ဘဝဖြတ်သန်းမှုကို မှန်းဆနိုင်သည်။

လူကြီးမိဘများ၊ မောင်နှမများအနေဖြင့် ကလေးများကိုချစ်ရာတွင် စောင့်ထိန်းသင့်သည့် စည်းတစ်ခုရှိသည်။ ၎င်းမှာ အချစ်လွန်ခြင်းပင်ဖြစ်သည်။ အချို့မှာ ကလေးများကိုတွေ့လျှင် အချစ်လွန်၍ ပြောင်ကြသည်၊ လှောင်ကြသည်၊ ခြောက်ကြသည်။ မိမိက ကလေးကိုချစ်၍ စသော်၊ ခြောက်သော်လည်း ကလေး၏စိတ်တွင် ထိုသူကိုမြင်လျှင် ကြောက်ရွံ့စိတ်၊ ထိတ်လန့်စိတ်တို့ဖြင့် ကလေး၏စိတ်ကျန်းမာရေးကို ထိခိုက်နိုင်တတ်သည်။ ထို့သို့မဟုတ်ပါက ငယ်စဉ်ကပင် ကြမ်းတမ်းစွာအခြောက်ခံရဖူး၊ အစခံရဖူးသော ကလေး၏စိတ်သည် နူးညံ့ပျော့ပျောင်းမှုမရှိဘဲ ခက်ထန်တတ်သည်။ ၎င်းငယ်စဉ်ကပင် ကြုံတွေ့ဖူးသော စနောက်ခြင်း၊ ခြောက်ခြင်းတို့အတိုင်း ကြီးပျင်းလာသည့်အခါတွင်လည်း အခြားသောကလေးများအပေါ်သို့ အလားတူဖြစ်စဉ်ဖြင့် ပြုမူတတ်၊ အနိုင်ကျင့်တတ်ကြသည်။

အချို့သောမိဘများ၊ လူကြီးများသည်လည်း ကလေးကိုချစ်လွန်း၍ အလိုလိုက်အကြိုက်ဆောင်ကာ ပစ်ထားတတ်ကြသည်။ အမှန်ချစ်လျှင် ပစ်မထားသင့်ပေ။ ကလေးကိုချစ်လွန်း၍ ကလေးစိတ်ကြိုက် နေထိုင်ခွင့်၊ ဆော့ကစားခွင့်ပေးသည်မှာ ကောင်းမွန်သောအလေ့အကျင့်ဟုဆိုသော်လည်း အပြည့်အဝမမှန်ကန်ပေ။ ထိုက်သင့်သည့်အားလပ်ချိန်၊ ထိုက်သင့်သည့် ဆော့ကစားမှုမျိုးဖြင့် စနစ်တကျထိန်းကျောင်းပြုပြင်ပေးရမည်။ ကလေးငယ်များသည် ရွှံ့စေးရုပ်များနှင့် အလားသဏ္ဌာန်တူသည်။ ရွှံ့စေးဖြင့် အရုပ်ဖော်ရာတွင် ပုံဖော်သူ၏ကျွမ်းကျင်ပိုင်နိုင်မှု၊ သပ်ရပ်မှုအပေါ်မူတည်၍ ကောင်းမွန်လှပသည့် ရွှံ့စေးရုပ်များကိုရရှိသကဲ့သို့ မိဘများသည်လည်း ကလေးများကို ငယ်ရွယ်စဉ်ကပင် မိမိတို့ကြိုက်နှစ်သက်ရာ ပုံစံသို့ ထုဆစ်၍ ကောင်းမွန်အောင်ပုံဖော်ကြရပေမည်။

ကလေးသူငယ်များနှင့်စပ်လျဉ်း၍ မိမိတို့ပတ်ဝန်းကျင်တွင် ငယ်ငယ်ရွယ်ရွယ်နှင့် ကျောင်းပြေး၊ ဂိမ်းဆော့၊ ဆေးလိပ်သောက်၊ ဆေးရူး၊ ကော်ရူး၍ အရွယ်မတိုင်မီ အသက်ဆုံးရှုံးလိုက်ရသော လူငယ်များမှာလည်း ဒုနှင့်ဒေးရှိကြသည်။ အရွယ်မတိုင်မီ ကျောင်းထွက်ပြီး အပြင်လောကရောက်ရှိ၍ မကြာမီအချိန်အတွင်း အိမ်ထောင်ပြုကြသည့် လူငယ်များမှာလည်း အထွေအထူးပင်ပြောနေရန်မလိုပေ။ ထိုသို့ ငယ်ငယ်ရွယ်ရွယ် လွဲမှားသောအသိ၊ မမှန်ကန်သောလုပ်ရပ်များကိုကြည့်လျှင် အစပထမဦးဆုံး အပြစ်တင်ထိုက်သူများမှာ မိဘများပင်ဖြစ်သည်။ ကလေးဘဝကတည်းကပင် ဘဝအတွက် အရေးပါသည့်အရာများ၊ မိမိဘဝကိုပျက်စီးစေမည့်အရာများကို အနုနည်းနှင့်တစ်သွယ်၊ အကြမ်းနည်းနှင့်တစ်မျိုးဖြင့် ဆုံးမသွန်သင်ပေးရမည်။

> ❖ မိမိတို့ကလေး မဟုတ်မမှန်လုပ်နေသည့်အချိန်တွင်မှဆုံးမပြီး ဆုံးမ၍မရသည်ကို အပြစ်ဟုမမြင်ရပေ။ ကလေးများကို ငယ်စဉ်ကပင် လိမ္မာယဉ်ကျေးစေရန်၊ အသိပညာဗဟုသုတ တိုးပွားလာစေရန် ညအိပ်ရာဝင်ချိန်တွင် တစ်ရက် ၁၀ မိနစ်သာ ဘုရားဟောနိပါတ်တော်များ၊ ပညာပေးပုံပြင်၊ ဝတ္ထုများကို ဥပမာပေး၍ ပြောဆိုဆုံးမခဲ့ပါက ထိုကလေးသည် အတော်ဆုံးပုဂ္ဂိုလ်မဖြစ်နိုင်သော်လည်း ပျက်စီးသည့်ကလေးတစ်ဦး မဖြစ်နိုင်တော့ပေ။ နုနယ်ငယ်ရွယ်စဉ်ကပင် ကောင်းမွန်စွာပြုစုပျိုးထောင်နိုင်ခဲ့လျှင် ကလေးငယ်၏ဘဝသည်လည်း အလွန်လှပလိမ့်မည်။ မိဘတိုင်း မိဘတိုင်းသည် မိမိတို့ရင်သွေးငယ်များ၏ဘဝ သာယာလှပသည်ကိုပင် မြင်လိုကြသူများသာဖြစ်ကြသည်။ ❖

မိမိတို့ကလေး မဟုတ်မမှန်လုပ်နေသည့်အချိန်တွင်မှဆုံးမပြီး ဆုံးမ၍မရသည်ကို အပြစ်ဟုမမြင်ရပေ။ ကလေးများကို ငယ်စဉ်ကပင် လိမ္မာယဉ်ကျေးစေရန်၊ အသိပညာဗဟုသုတ တိုးပွားလာစေရန် ညအိပ်ရာဝင်ချိန်တွင် တစ်ရက် ၁၀ မိနစ်သာ ဘုရားဟောနိပါတ်တော်များ၊ ပညာပေးပုံပြင်၊ ဝတ္ထုများကို ဥပမာပေး၍ ပြောဆိုဆုံးမခဲ့ပါက ထိုကလေးသည် အတော်ဆုံးပုဂ္ဂိုလ်မဖြစ်နိုင်သော်လည်း ပျက်စီးသည့် ကလေးတစ်ဦး မဖြစ်နိုင်တော့ပေ။ နုနယ်ငယ်ရွယ်စဉ်ကပင် ကောင်းမွန်စွာပြုစုပျိုးထောင်နိုင်ခဲ့လျှင် ကလေးငယ်၏ဘဝသည်လည်း အလွန်လှပလိမ့်မည်။ မိဘတိုင်း မိဘတိုင်းသည် မိမိတို့ရင်သွေးငယ်များ၏ ဘဝ သာယာလှပသည်ကိုပင် မြင်လိုကြသူများသာ ဖြစ်ကြသည်။ ထိုသို့မြင်လိုလျှင် နေ့ခင်းအချိန်တွင် မိမိတို့ပင်ပန်းသမျှဒဏ်၊ အနားယူလိုသည့်ဒဏ်များကို ခဏတာဖယ်ရှား၍ ညအိပ်ရာဝင်ချိန် ၁၀ မိနစ်သာ ဆုံးမစကား၊ လိမ္မာဖွယ်ပုံပြင်များ ပြောကြားရင်း အလေ့အကျင့်ကောင်းများကို မွေးမြူပေးကြရမည်ဖြစ်သည်။

အခြားတစ်ချက်မှာ မိမိတို့၏ ကလေးများကို အချစ်လွန်၍ သက်ညှာပေးခြင်းကို ရှောင်ကြဉ်ရမည်။ (အတင်းအကျပ် အလုပ်ခိုင်းခြင်းကိုမဆိုလိုပါ) မိမိတို့ဘာသာ မိမိလုပ်ကိုင်ခြင်း၊ ပြဿနာတစ်ရပ်ကို မိမိတို့ကိုယ်တိုင်ဖြေရှင်းတတ်သည့် အလေ့အကျင့်များကိုလည်း ပျိုးထောင်ပေးရမည်။ မိဘများသည် အစစအရာရာ လုပ်ကိုင်မပေးဘဲ ကူညီသူအနေဖြင့်သာ ရှိရပေမည်။ ငယ်ရွယ်စဉ်ကပင် မိဘများက မခိုင်းမစေ သက်ညှာပေးခဲ့သော် ထိုကလေး အသက်အရွယ်ကြီးလာပါက အချောင်ခို၊ မလုပ်တတ် မကိုင်တတ်၊ လူအများနှင့်ဆက်ဆံရာတွင် အဖုအထစ်လေးများ ရှိနိုင်လိမ့်မည်။ ငယ်စဉ်ကပင် မိမိ၏တာဝန်ကို ကျေပွန်အောင် မိမိကိုယ်တိုင်ထမ်းဆောင်တတ်သည့် အလေ့အကျင့်ကောင်းများကို ပြုစုစေခဲ့ရမည်။ အခြားတစ်ပါးသူကို အားကိုးလိုသောအကျင့်ဆိုးများ မရှိအောင်လည်း ပြုစုပျိုးထောင်ပေးခဲ့ရမည်။

ကလေးသူငယ်များ ကျောင်းနေအရွယ်ရောက်လျှင်လည်း လက်ဦးဆရာများဖြစ်သော မိဘများသည် ဒုတိယမိဘများဖြစ်လာကြမည့် ဆရာ၊ ဆရာမများနှင့် ပူးပေါင်း၍ ကလေးသူငယ်များကို အလေးထားကာ ပြုစုပျိုးထောင်ကြရမည်။ ထူးချွန်ထက်မြက်လာစေရန် ညှိနှိုင်းတိုင်ပင် ဆွေးနွေးအဖြေရှာရမည်။ အများတကာတို့ထက် ဆင်ခြင်တုံတရားနှင့်ဉာဏ်ပညာအရာတို့၌ ထိပ်ဆုံးတွင်နေရာယူနိုင်သော လူသားအရင်းအမြစ်များ မွေးထုတ်ပေးကြရမည်။ ကလေးသူငယ်များ၏စိတ်ပညာကို နားလည်မှုနည်း၍ ပညာရေးလောဘမကြီးစေရန် သတိပြုကြရမည်။

ကလေးသူငယ်များ၏ စိတ်ခံစားချက်ကိုထည့်သွင်းစဉ်းစားပေးကြရမည်။ စာကိုချည်းသင်စေလို၍ မဖြစ်ပေ။ ကလေးအရွယ်နှင့် ထိုက်သင့်သော သင်ကြားမှုများ၊ ဉာဏ်မီစေမည့်စာများကိုသာ သင်ကြားစေရမည်။ ကလေးသူငယ်များ၏ ပင်ကိုဗီဇ၊ ဝါသနာများကို မိဘများအနေဖြင့် သိရှိနားလည်ပြီး အားပေးချီးမြှောက်ရမည်။ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်သော သားကောင်း၊ သမီးကောင်းလေးများ ဖြစ်လာစေရန် မိဘများ၏ တိုက်တွန်းလှုံ့ဆော်မှုများ၊ ထောက်ပံ့အားပေးမှုများသည် အထူးကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်သည်။ ယနေ့ခေတ်တွင် ပန်းချီ၊ ဂီတ၊ စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ အိမ်တွင်းမှု၊ ကိုယ်ကာယကြံ့ခိုင်မှု စသည်တို့မှ ကလေးများဝါသနာပါရာ၊ နှစ်သက်ရာပညာရပ်များကို ငယ်ရွယ်စဉ်အချိန်မှစ၍ လေ့လာလိုက်စားရန် သွန်သင်ပေးကြရမည်။ ကာယအားကစား ဆော့ကစားစေခြင်းဖြင့် ခန္ဓာကိုယ်သန်မာထွားကျိုင်းလာစေရမည်။ ကလေးသူငယ်များကို ၎င်းတို့၏အရွယ်အလိုက်၊ အချိန်နှင့်တစ်ပြေးညီ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရမည်။ ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေရမည်။

ငယ်စဉ်ကလိမ္မာယဉ်ကျေးခဲ့ပြီး အနေအေးခဲ့သည့် ကလေးသူငယ်များသည် အရွယ်ရောက်လာသည့်အချိန်တွင် အပေါင်းအသင်းမှား၍ ဆေးလိပ်၊ ကွမ်းယာ၊ ဘီယာ၊ အရက် ထိုမှတစ်ဆင့် ဆေးဘိန်းတို့ထိပင် သုံးစွဲတတ်ကြသည်။ မိမိတို့ကလေးများ၏အပေါင်းအသင်းကို မိဘများက လေ့လာအကဲခတ်ရမည်။ ဆင်ခြင်၍ ပေါင်းသင်းစေရမည်။ အပေါင်းအသင်းမှားလျှင် တစ်ဘဝစာမှားယွင်း၍ ဘဝပျက်တတ်သည်ကို ကလေးများကို သွန်သင်ပေးရမည်။ ဥပမာများပေး၍ ဆုံးမကြရမည်ဖြစ်သည်။

ကလေးသူငယ်များ ဖုန်းအသုံးပြုတတ်သည့် အရွယ်တွင်လည်း ဖုန်းကို စနစ်တကျအသုံးပြုတတ်စေရန် ညွှန်ကြားကြရမည်။ ဖုန်းဟူသည် နည်းလမ်းတကျ မှန်ကန်စွာအသုံးချတတ်လျှင် အပြုသဘောဆောင်သည့် အတတ်ပညာများစွာကို လွယ်ကူစွာ သင်ယူလေ့လာနိုင်ကြောင်း သိစေရမည်။ ဖုန်းများကို အသုံးပြု၍ အကျိုးရာ Game များ၊ ဂဏန်းသင်္ချာ Game များ အစရှိသဖြင့် ကလေးများပျော်ရွှင်စေရန် Game ဆော့ခိုင်းသလိုနှင့် ပညာသင်ကြားပေးနိုင်သည်။ Facebook, Messenger, Viber အစရှိသဖြင့် ဆော့ဝဲလ်များကိုအသုံးပြုနိုင်သည့်အရွယ်တွင်လည်း စနစ်တကျအသုံးချတတ်စေရန် ညွှန်ကြားပြသပေးရမည်။ Facebook မှ English Speaking၊ ဘာသာစကားပိုင်းဆိုင်ရာ၊ အသိပညာ၊ အတတ်ပညာများကိုရှာဖွေလေ့လာ၍ သင်ယူလေ့လာစေရမည်။ ထို့ပြင် Messenger Group, Viber Group များ ဖွဲ့၍ အွန်လိုင်းသင်တန်းများကို လေ့လာနိုင်စေရမည်။ ဖုန်းကိုစနစ်တကျ အသုံးချတတ်ရန်သာမက ကလေးများ စာပေအပေါ်တွင်နှစ်သက်၍ ချစ်ခင်မြတ်နိုး စာဖတ်ရှိန် တိုးတက်လာစေရေးကိုလည်း အလေးထားကြရမည်။

စာမဖတ်နိုင်သည့်အရွယ်တွင် ရုပ်ပြများကိုပြသ၍ မိဘများကဖတ်ပြသည်ကို နာကြားစေခြင်းဖြင့် အနာအကြားစွမ်းရည်၊ စာဖတ်နိုင်သည့်အရွယ်တွင် ပုံပြင်၊ ကာတွန်းများကို ဖတ်စေခြင်းဖြင့် အရွတ်၊ အဖတ်စွမ်းရည်၊ ထိုသို့ ရေးသားထားသည်များကို အတုယူ၍ လိုက်လံရေးသားခြင်းအားဖြင့် အရေးအသားစွမ်းရည် စသည့် စွမ်းရည်သုံးရပ်လည်း တိုးတက်လာပေမည်ဖြစ်သည်။

ထိုသို့ဆိုလျှင် ကလေးများကိုအလေးထား၍ ပြုစုပျိုးထောင်ခြင်းသည် အလွန်ပင်အရေးပါသော၊ အရေးကြီးသော လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်သည်။ မိဘတိုင်းသည် မိမိတို့၏ ရင်သွေးငယ်များအပေါ်တွင် ထိုက်သင့်သည့်အချိန်ပေး၍ ပြုစုကြရပေမည်။ (အချိန်ပြည့် ဂရုတစိုက်နှင့် ပြုစုနေရမည်ဟု မဆိုလို) တိကျသောအချိန်၊ တိကျသော စည်းမျဉ်း၊ စည်းကမ်းများနှင့် ကလေးတို့၏စိတ်ကို ပျော်ရွှင်စေခြင်းဖြင့် လိမ္မာယဉ်ကျေးသော၊ တာဝန်ကိုသိတတ်သော၊ စည်းကမ်းသေဝပ်သော အလေ့အကျင့်များနှင့်ကြီးပြင်းလာမည့် ကလေးငယ်များသည် နောင်တစ်ချိန်၊ အနာဂတ်၌ ထိန်လင်းတောက်ပမည့် ကြယ်စင်လေးများပမာ လှပတင့်တယ်ပေတော့မည်။

# မြစ်ကြီးနားမြို့ရှိ ဝန်းသိုကျောင်းတိုက်နှင့် အောင်သပြေတစ်ထောင်ကျောင်းတိုက်သို့ သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက အလှူငွေများလှူဒါန်း



**ရန်ကုန် ဇန်နဝါရီ ၂**

သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဝန်းသိုကျောင်းတိုက်နှင့် အောင်သပြေတစ်ထောင်ကျောင်းတိုက်သို့ အလှူငွေများ လှူဒါန်းခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များသည် မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့ အလှူငွေကျပ် ၁၀ သိန်းနှင့် အောင်သပြေတစ်ထောင်ကျောင်းတိုက်သို့ အလှူငွေကျပ် ၁၀ သိန်းတို့ကို ဇန်နဝါရီ ၁ ရက်က လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာရှိတဲ့ ဝန်းသိုကျောင်းတိုက်အတွင်းမှာ တည်ထားကိုးကွယ်မဲ့ ငြိမ်းချမ်းရေးဓာတ်တော်တိုက်စေတီတော်မြတ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းနဲ့ အောင်သပြေတစ်ထောင်ကျောင်းတိုက်မှာရှိတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်း အလှူငွေကျပ်သိန်း ၂၀ တို့ကို နှစ်ဦးအလှူအဖြစ် နိဗ္ဗာန်ရည်မှန်း စုပေါင်းလှူဒါန်းခဲ့ကြပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

သရုပ်ဆောင် ခန့်စည်သူနှင့် အလှူရှင်များသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်ကလည်း ပဲခူးတိုင်းဒေသကြီးတွင် ရွှေနတ်တောင် စေတီတော်မြတ်ကြီးရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ရတနာဂီရိနတ်ရေကန်တော်ကြီး ဘက်စုံတည်ဆောက်ခြင်းတို့အတွက် အလှူငွေကျပ် ၁၂၀ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

# အဆိုတော် လှယမင်းအိမ်၏ Good Day သီချင်း MV ထွက်ရှိမည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၂**

အဆိုတော် လှယမင်းအိမ်၏ Good Day အမည်ရှိ တေးသီချင်း Music Video(MV) ဇန်နဝါရီလ ပထမပတ်အတွင်း ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါ Good Day သီချင်းကို အဆိုတော် လှယမင်းအိမ်က ရေးသားထားခြင်းဖြစ်ပြီး တေးသီချင်း Music Video(MV) တွင်လည်း ကိုယ်တိုင်သီဆိုသရုပ်ဆောင်ထားကြောင်း သိရသည်။

"ဒီသီချင်းက Good Day ဆိုတဲ့အတိုင်းပဲ နှစ်သစ်မှာထုတ်ဖို့ရည်ရွယ်ထားတဲ့ သီချင်းလေးပါ။ အဓိကက သီချင်းလေးက အတိတ်ဟာ အတိတ်မှာပြီးခဲ့ပြီ။ အနာဂတ်မှာ အကောင်းဆုံးကြိုးစားရှင်သန်ကြမယ်။ မကောင်းတာတွေ မလုပ်နဲ့။ လူတွေကို Positive Voice ပေးတဲ့သီချင်းလေးပါ။ နှစ်သစ်မှာ မကောင်းတာတွေ နောက်မလုပ်နဲ့ ပျော်ပျော်ပါးပါးနဲ့ ရှင်သန်သွားကြမဲ့ပုံစံမျိုးလေး ပုံဖော်ထားတာပါ။ Music Video ရိုက်ထားတာက မွေးနေ့ပြီးရင် လုပ်မဲ့ အလှူပုံစံလေးတွေကို ခိုင်နှင်းဝေရင်သွေးလေးများဂေဟာ၊ ဘိုးဘွားရိပ်သာတွေမှာ လိုက်လှူထားတာလေးပါမယ်။ လမ်းမှာတွေ့တဲ့ စည်ပင်တို့ ကလေးငယ်လေးတွေ၊ အမှန်လိုအပ်နေသူတွေကို ပိုက်ဆံ၊ မုန့်လေးတွေနဲ့ ဝေမျှတဲ့ပုံစံလေး ရိုက်ကူး ပုံဖော်ထားပါတယ်"ဟု အဆိုတော် လှယမင်းအိမ်က ပြောပြသည်။




အဆိုပါ Good Day သီချင်းကို ဒါရိုက်တာ ရဲဇာနည်က Documentary ပုံစံဖြင့် တေးသရုပ်ဖော် ရိုက်ကူးထားခြင်းဖြစ်ပြီး တေးသီချင်းMusic Video(MV) ကို Hla Ya Min Eain Page၊ YouTube တို့မှတစ်ဆင့် ဇန်နဝါရီလ ပထမပတ်အတွင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# အဆိုတော်ခုနစ်ဦးသီဆိုထားသည့် The Best Of ရွှေဂျော်ဂျော်အစီအစဉ် M Entertainment Channel မှ ထုတ်လွှင့်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

တေးရေးဆရာ ရွှေဂျော်ဂျော်၏ အောင်မြင်ခဲ့သည့်သီချင်းများကို အဆိုတော်ခုနစ်ဦးက သီဆိုထားသည့် The Best Of ရွှေဂျော်ဂျော် အစီအစဉ်ကို ဇန်နဝါရီလအတွင်း M Entertainment Channel မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း တေးရေးဆရာ ရွှေဂျော်ဂျော်က ပြောပြ၍ သိရသည်။




အဆိုပါThe Best Of ရွှေဂျော်ဂျော် အစီအစဉ်တွင် တေးရေးဆရာ ရွှေဂျော်ဂျော်၏ လူသိများထင်ရှားသည့် တေးသီချင်းများကို အဆိုတော်များဖြစ်သည့် ဂျီလတ်၊ ရေဗက္ကာဝင်း၊ အောင်ထက်၊ ဖြူဖြူဟန်၊ ကျော်ကျော်ပိုင်မှူး၊ လွှမ်းရတီဇော်၊ ရွှေပိုးကောင်တို့က သီဆိုဖျော်ဖြေမည့်အစီအစဉ်လည်းဖြစ်ကြောင်း သိရသည်။

"စီစဉ်တာကတော့ M Entertainment Channel က စီစဉ်တာပါ။ သီချင်းတွေကတော့ အဟောင်းတွေကော အသစ်တွေကောပါတယ်။ သီချင်းတွေကတော့ The Heart Of Rangoon-THOR ဘားမှာ ဇန်နဝါရီ ၄ ရက်မှာလုပ်မဲ့ The Best Of ရွှေဂျော်ဂျော် Tribute Night မှာဖျော်ဖြေမဲ့ သီချင်းတွေအားလုံးနီးပါးကို M Entertainment Channel မှာ ပြန်လွှင့်မယ်လို့ သိရပါတယ်"ဟု တေးရေးဆရာ ရွှေဂျော်ဂျော်က ပြောပြ၍ သိရသည်။ ASH

# Aquaman and the Lost Kingdom ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၂၅၀ ကျော်ရရှိ

**နယူးယောက် ဇန်နဝါရီ ၂**

မာဗယ်စတူဒီယို၏ Aquaman and the Lost Kingdom ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၂၅၀ ကျော်ထိ ရရှိထားပြီဖြစ်ကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

Aquaman and the Lost Kingdom ဇာတ်ကားသည် ဒီဇင်ဘာ ၃၁ ရက်အရောက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၈ သန်းထိ ရှိလာခဲ့သည်။

သို့ဖြစ်ရာ အဆိုပါဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် The Marvels ဇာတ်ကား၏ဝင်ငွေကို ကျော်ဖြတ်နိုင်ခဲ့ပြီး The Marvels ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၀၅ သန်းသာရှိခဲ့သည်။

Aquaman and the Lost Kingdom ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ရုံတင်ခဲ့ပြီး ဒီဇင်ဘာ ၃၁ ရက်ထိ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၈၀ နှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၃ သန်းရရှိထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**







# Mayor of Kingstown တွင် မင်းသား ဂျရယ်မီရန်နာ ပြန်လည်ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၂**

ကျန်းမာရေးပြန်ကောင်းလာသည့် မင်းသား ဂျရယ်မီရန်နာသည် Paramount+ ၏ Mayor of Kingstown ဇာတ်လမ်းတွဲတတိယပိုင်းရိုက်ကွင်းတွင် ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။


မင်းသား ဂျရယ်မီရန်နာသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း နှင်းလှေျာယာဥ် ဝင်တိုက်ခံရမှုကြောင့် ဒဏ်ရာပြင်းထန်စွာရခဲ့ကာ Mayor of Kingstown ရိုက်ကူးရေးလုပ်ငန်းများမှ နားခဲ့ရကြောင်း သိရသည်။


လက်ရှိတွင် ကုထုံးအမျိုးမျိုးခံယူပြီးနောက် ဂျရယ်မီရန်နာမှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်ရာ အဆိုပါဇာတ်လမ်းတွဲ ရိုက်ကူးရေးတွင် ပြန်လည်ပါဝင်တော့မည်ဖြစ်သည်။

Mayor of Kingstown ဇာတ်လမ်းတွဲများ၌ မင်းသား ဂျရယ်မီရန်နာ ပြန်လည်ပါဝင်လာမည့်အစီအစဉ်ကို ၎င်းဇာတ်လမ်းတွဲ၌ ဂျရယ်မီရန်နာနှင့်အတူ သရုပ်ဆောင်နေသည့် မင်းသမီး အမ်မာလိုင်ယန်က အင်စတာဂရမ်စာမျက်နှာ၌ အတည်ပြုထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Religious objects kept into upper reliquary, golden umbrella hoisted atop Lawka Hteikpan Mingala Pagoda in Pyinmana of Nay Pyi Taw with Maha consecration


Senior General Min Aung Hlaing, wife and the congregation taking the Nine Precepts from Sayadaws.

**Nay Pyi Taw January 2**

A ceremony to enshrine religious objects into the upper reliquary and hoist a golden umbrella atop Myodaw Hteikpan Mingala Pagoda took place in conjunction with the consecration in the precinct of Pali Tekkatho Mingala Zeyon Monastery in Pyinmana of Nay Pyi Taw yesterday morning, graced by the presence of Nay Pyi Taw Council Area Ovadacariya Wegyi Buddhist Learning Centre in Pobbathiri Township Abhidhaja Maha Rattha Guru Bhaddanta Adiccavamsa and Presiding Parton of Pali Tekkatho Mingala Zeyon Monastery Agga Maha Pandita Agga Saddhamma Jotikadhaja Bhaddanta Vimala Buddhi and members of the Sangha.

Also present at the ceremony were Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, Council Joint Secretary Lt-Gen Ye Win Oo and wife, council members and wives, Union-level dignitaries, Union ministers and wives, the chairman of Nay Pyi Taw Council and wife, senior military officers of the Office of the Commander-in-Chief and wives, the commander of Nay Pyi Taw Council Command, well-wishers, guests, religious associations and locals.

The ceremony was opened with three-time recitation of Namo Tassa. The Senior General, wife and congregation took the Nine Precepts from Pali Sayadaw. Disciples offered Paritta flowers, water, thread and sand to members of the Sangha who recited Parittas. Those disciples scattered Paritta flowers, water, thread and sand on the platform of the pagoda.

At the ceremony, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla offered the bejewelled diamond orb, the pennant-shaped vane and religious objects dedicating to the Lord Buddha and alms to Wegyi Sayadaw. Council Joint Secretary Lt-Gen Ye Win Oo, council members and Union ministers also presented alms to members of the Sangha.

Pali Sayadaw delivered a sermon and shared merits gained. The Senior General, wife and party conveyed the bejewelled diamond orb and the pennant-shaped vane by the decorated float and rounded the pagoda three times clockwise and led to the site in front of the Maha Mingala pavilion.

Under the auspices of the Pali Sayadaw, the Senior General opened the upper reliquary and offered oil light. Then, he kept religious objects into the reliquary and sprayed it.

The wife of the Senior General, dignitaries and attendees conveyed the bejewelled diamond orb and the pennant-shaped vane onto the pagoda by decorated float. The Senior General and party fixed the diamond orb and the pennant-shaped vane atop the pagoda and sprinkled scented on them.

Officials hoisted golden umbrellas on the encircled Cetis under the plan. The Senior General and wife performed the rituals of golden and silver showers in commemoration of successful completion of the ceremony.


The Senior General and wife offered flowers, water, oil lights and golden lotus flowers to the Buddha image at the southern part of the pagoda.

Members of the Sangha consecrated the pagoda. The Senior General and wife did thriving of Maha Bawdi banyan tree and sprayed it.

*See Page 13*


Senior General Min Aung Hlaing and wife offer religious objects to a Sayadaw.


Senior General Min Aung Hlaing puts religious objects into the reliquary.


The Pali Sayadaw sprinkles scented water on the religious objects.



Senior General Min Aung Hlaing rings the bell sharing merits gained.



Senior General Min Aung Hlaing performs rituals of golden and silver showers.



Daw Kyu Kyu Hla performs rituals for the thriving of Maha Bawdi banyan tree.



Senior General Min Aung Hlaing and Daw Kyu Kyu Hla perform rituals for the thriving of Maha Bawdi banyan tree.

*From Page 12*

They also sprinkled scented water on Mingala Mawgun stone inscription and rang the bell. After the ceremony, the Senior General, wife and congregation offered day meals to members of the Sangha. 100

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win inspects preparations for Independence Day Dinner and entertainment programs



**Nay Pyi Taw January 2**

Chairman of Central Committee for Organizing 76th Anniversary Independence Day 2004 Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win this evening inspected preparations for Independence Day Dinner and entertainment program to be held on the lawn and honourary hall of SAC Chairman's Office.

The Vice-Senior General looked into the requirements of the reception and accommodation, dinner, fireworks display, variety dance and musical programs.

Together with the Vice-Senior General, member ministers of the central committee, the Nay Pyi Taw Council chair, the Nay Pyi Taw Command commander, chairs, who are deputy ministers, of the relevant bodies, and officials also attended to the needs through coordination. 100

Vice-Senior General Soe Win inspects preparations for Independence Day dinner and reception.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ထောက်လှမ်းမှုစွမ်းရည်အတွက် အလိုအလျောက်ပျံသန်းမောင်းနှင်နိုင်သော BAHA ဒရုန်းသစ်များ တူကီယဲစစ်ဘက်ဖြည့်တင်း



တူကီယဲကာကွယ်ရေးကုမ္ပဏီ HAVELSAN က ထောက်လှမ်းမှုစွမ်းရည်အတွက် တီထွင်ဖန်တီးထုတ်လုပ်သည့် အလိုအလျောက်ပျံသန်းမောင်းနှင်နိုင်သော Sub-Cloud အမျိုးအစား BAHA ဒရုန်းသစ်များ တူကီယဲစစ်ဘက်တွင် ဖြည့်တင်းနိုင်ခဲ့ကြောင်း www.trtworld.com သတင်းဌာနက ဇန်နဝါရီ ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

HAVELSAN ကုမ္ပဏီသည် ၎င်း၏ ဒစ်ဂျစ်တယ်စနစ်များ ပေါင်းစည်းမှုအယူအဆ၏ နယ်ပယ်အတွင်း မောင်းသူမဲ့မြေပြင်သွားယာဉ်၊ လေယာဉ်နှင့် ပင်လယ်သွားရေယာဉ်များကို တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး BARKAN မောင်းသူမဲ့မြေပြင်တိုက်ခိုက်ရေးယာဉ်နှင့် BAHA ဒရုန်းများကဲ့သို့သော မောင်းသူမဲ့စနစ်သုံးယာဉ်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမိတ်ဆက်ပြသခဲ့သည်။ ပြည်တွင်း၌ အသုံးပြုရုံမျှသာမက နိုင်ငံတကာတွင် အနာဂတ်မောင်းသူမဲ့စနစ်များ လုပ်ငန်းလည်ပတ်မှုဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ခေတ်မီစစ်ဘက်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်တီထွင်ထုတ်လုပ်ထားသည့် BAHA ဒရုန်းကို စမ်းသပ်မှုများအောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီးနောက် တူကီယဲစစ်ဘက်တွင် တပ်တော်ဝင်အသုံးပြုခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါဒရုန်းသည် ဒေါင်လိုက်၊ အလျားလိုက် ပျံသန်းခြင်း၊ မစ်ရှင်လုပ်ဆောင်ရာတွင် ပြီးပြည့်စုံသော အလိုအလျောက် လုပ်ဆောင်နိုင်စွမ်း၊ မတူကွဲပြားသော Payloads များကို ပေါင်းစည်းရာတွင် လွယ်ကူချောမွေ့စေမည့် မော်ကျူလာ ဖွဲ့စည်းပုံနှင့် အခြားအဆင့်မြင့်လုပ်ဆောင်နိုင်စွမ်း များစွာတို့ပါဝင်လာပြီး သီးခြားလွတ်လပ်စွာ ပျံသန်းနိုင်သော တိမ်တိုက်အရွယ်အစားများထက် ပိုမိုသေးငယ်မည့် Sub-Cloud အမျိုးအစား ဒရုန်းမျိုးလည်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် BAHA ဒရုန်းသည် ဒေါင်လိုက်ဆင်းသက်နိုင်သည့် Fixed-Wing Sub-Cloud အလိုအလျောက် ဒရုန်းအဖြစ် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ၎င်းသည် အလျားလိုက် ပုံမှန်ပျံသန်းခြင်းအတွက် ဓာတ်ဆီအင်ဂျင်ကို အသုံးပြုထားပြီး ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်ရန်အတွက် လျှပ်စစ်မော်တာများကို အသုံးပြုထားသည်။

အမြင့်ပေ ၁၅၀၀၀ ထိမစ်ရှင်များကို လုပ်ဆောင်နိုင်မှုနှင့်အတူ BAHA ဒရုန်းသည် ဓာတ်ဆီအင်ဂျင်ဖြင့် အမြင့်ဆုံးပျံသန်းချိန် ခြောက်နာရီ (လျှပ်စစ်မော်တာဖြင့် နှစ်နာရီ)နှင့် အကွာအဝေး ကီလိုမီတာ ၈၀ ထိ တိုက်ပွဲဝင်ပျံသန်းနိုင်ရန် မိနစ်ပိုင်းအတွင်း လုပ်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ပြင် ၎င်းတွင် အလေးချိန် ငါးကီလိုဂရမ်နှင့် တောင်ပံအလျား ၃ ဒသမ ၇ မီတာရှိသည်။ အော်ပရေတာနှစ်ဦးတည်းဖြင့် အမြန်တပ်ဖြန့်နိုင်ရန် ဒီဇိုင်းထုတ်ထားသော ဒရုန်းသည် ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်ရန်အတွက် မိနစ်ပိုင်းအတွင်း အဆင်သင့်ဖြစ်နိုင်သည်။စိန်ခေါ်မှုများ၊ ရာသီဥတုအခြေအနေအမျိုးမျိုးနှင့် လုပ်ငန်းဆောင်ရွက်မှုဒေသအသီးသီးတွင် စမ်းသပ်နိုင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များ၏ တုံ့ပြန်ချက်၊ အကဲဖြတ်ဆန်းစစ်ချက်များအပေါ် အခြေခံ၍ စနစ်ကိုအဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။

BAHA ဒရုန်းကို ပစ်မှတ်ခြေရာခံထောက်လှမ်းခြင်း၊ နယ်မြေကာကွယ်ရေး၊ ထောက်လှမ်းရေး၊ အီလက်ထရွန်နစ်စစ်ဆင်ရေး၊ ကမ်းရိုးတန်းနှင့် နယ်စပ်ဒေသလုံခြုံရေး၊ စွမ်းအင်ပို့လွှတ်ခြင်းနှင့် ရေနံဓာတ်ငွေ့ပိုက်လိုင်းစစ်ဆေးခြင်း၊ မှောင်ခိုနှင့်အကြမ်းဖက်သမားများတိုက်ဖျက်ရေး၊ အများပြည်သူဆိုင်ရာ ညွှန်ကြားချက်များဖြန့်ဝေခြင်း၊ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရေးများကို ရှာဖွေထောက်လှမ်းခြင်း၊ အခြေချနေထိုင်ရာ နေရာဒေသများတွင် အပူချိန်တိုင်းတာခြင်း၊ တောမီးငြိမ်းသတ်မှုစီမံခန့်ခွဲခြင်း၊ သဘာဝဘေးအန္တရာယ်အကဲဖြတ်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထောက်လှမ်းခြင်း၊ စိုက်ပျိုးရေးကဏ္ဍအသုံးချခြင်းများနှင့် မြေပုံရေးဆွဲထုတ်လုပ်ခြင်း စသည့်လုပ်ငန်းမျိုးစုံတွင် အသုံးပြုနိုင်သည်။

**Turkish Armed Forces add new UAV to reconnaissance capabilities ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ရုရှားနိုင်ငံအတွင်းပိုင်းထိတိုက်ခိုက်နိုင်ရန် UJ-26 Beaver ဒရုန်းများ ထုတ်လုပ်

ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံအတွင်းပိုင်းထိ တိုက်ခိုက်ရန် UJ-26 Beaver ဒရုန်းများ ထုတ်လုပ်နေကြောင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က https://www.armyrecognition သတင်းဌာနက ရေးသားဖော်ပြထားသည်။

ယူကရိန်းနိုင်ငံသည် ၎င်း၏ပြည်တွင်းထုတ် ကာကွယ်ရေးထုတ်ကုန်များကို လအနည်းငယ်အတွင်း သုံးဆ တိုးမြှင့်နိုင်ခဲ့သည်။ ထိုသို့ လုပ်ဆောင်လျက်ရှိရာ ထင်ရှားသော အောင်မြင်မှုတစ်ခုမှာ ရုရှားပိုင်နက်အတွင်း အဓိကနေရာများကို နက်ရှိုင်းစွာ ပစ်မှတ်ထားတိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် တာဝေးပျံ UJ-26 Beaver Loitering Munition ဒရုန်း၏ အကြီးစားထုတ်လုပ်မှုဖြစ်သည်။

UJ-26 Beaver Loitering Munition ဒရုန်းသည် Kamikaze ဒရုန်းဟုလည်းလူသိများသော တာဝေးပျံသန်းတိုက်ခိုက်နိုင်သည့် Loitering Munition များပင်ဖြစ်သည်။ ယူကရိန်းစစ်ဘက်လက်နက်တိုက်၏ နောက်ဆုံးပေါ်လက်နက်များသည် ရုရှားပိုင်နက်အတွင်း ပစ်မှတ်များကို နက်ရှိုင်းစွာတိုက်ခိုက်နိုင်စွမ်းရှိလာကြသည်။ အံ့ဩစရာကောင်းသည်မှာ ၂၀၂၃ ခုနှစ်တွင် အဆိုပါဒရုန်းများ၏ ထုတ်လုပ်မှုသည် ယခင်နှစ်ထက် အဆ ၁၀၀ မြင့်တက်လာခဲ့ပြီး ယူကရိန်း၏ ခံစစ်စွမ်းရည်မှာ သိသိသာသာ တိုးမြင့်လာခဲ့ခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းတိုးချဲ့လုပ်ဆောင်နေမှုသည် ဒရုန်းများထုတ်လုပ်ရေးတွင်ပါဝင်သည့် ကုမ္ပဏီအရေအတွက် အများအပြားပါဝင်ခြင်းဖြစ်သည်။ လက်ရှိတွင် ကုမ္ပဏီပေါင်း ၂၀၀ ခန့်သည် ဤကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေပြီး ကုမ္ပဏီ ၅၀ ခန့်သည် ၎င်းတို့၏ထုတ်ကုန်များကို ယူကရိန်းစစ်ဘက်သို့ ထောက်ပံ့၊ ရောင်းချ၊ လွှဲပြောင်းပေးအပ်ရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်သည်။ ထိုအချက်သည် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကြိုးပမ်းမှုတွင် စက်မှုလုပ်ငန်းရှင်များ ၁၂ ဆ ပိုတိုးလာခြင်းကြောင့် ယခင်နှစ်ကထက် သိသိသာသာ တိုးတက်လာမှုလည်းဖြစ်သည်။

Beaver ဒရုန်းသည် ၎င်း၏ ဒီဇိုင်းနှင့် လုပ်ဆောင်နိုင်စွမ်းများတွင် ထူးခြားသည်။ ယူကရိန်းနိုင်ငံ ပုဂ္ဂလိကပိုင်ကုမ္ပဏီ Ukr Jet ထုတ် အဆိုပါဒရုန်းတွင် ရှေ့ဘက်၌ သေးငယ်သောတောင်ပံများဖြင့် ထူးခြားသော Canard Aerodynamic Configuration ဖွဲ့စည်းပုံပါရှိပြီး အဆိုပါဒရုန်းများသည် ယူကရိန်း၏ ကာကွယ်ရေးမဟာဗျူဟာတွင် အရေးပါသောရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။



တောင်ပံအလျား ၂ ဒသမ ၅ မီတာခန့်၊ အမြန်နှုန်းတစ်နာရီ ကီလိုမီတာ ၁၅၀ မှ ကီလိုမီတာ ၂၀၀ နှင့် အကွာအဝေး ကီလိုမီတာ ၈၀၀ မှ ကီလိုမီတာ ၁၀၀၀ အတွင်း၌ Beaver ဒရုန်းသည် အလေးချိန် ကီလိုဂရမ် ၂၀ ရှိသော ဖောက်ခွဲရေးထိပ်ဖူးကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်း၏ဒီဇိုင်းသည် နောက်ဘက်တွင် အင်ဂျင် သို့မဟုတ် ပန်ကာပါရှိသောကြောင့် ကောင်းကင်ယံ၌ ထူးခြားစွာ တွေ့မြင်ရနိုင်သည်။

ယူကရိန်းနိုင်ငံထုတ် Beaver ဒရုန်းများကို အီရန်နိုင်ငံကထုတ်လုပ်သော Shahed ဒရုန်းစီးရီးများ၏ နည်းပညာအပေါ် ကိုးကားထားခြင်းဖြစ်ကြောင်း၊ စီးရီးတစ်ခုစီတွင် ထူးခြားသောသတ်မှတ်ချက်များရှိသော်လည်း နည်းပညာဆိုင်ရာ ဒီဇိုင်းအပြင်အဆင်သည် တူညီလုနီးပါးဖြစ်သည်ကို လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်များအရ သိရသည်။

**Ukraine Launches Massive Production of UJ-26 Beaver Kamikaze Drones for Deep Strikes Inside Russia ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၃၉၂၀၁ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၃၉၂၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၁၈၄၃ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၉၂၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကုလားပဲကို ပွင့်ဖြူမြို့နယ်မှာ ၂၁၈၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၃၉၂၀၁ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသခံတောင်သူတွေ အများဆုံးစိုက်ပျိုးတဲ့ ကုလားပဲကတော့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)က ထုတ်လုပ်ဖြန့်ဖြူးတဲ့ မျိုးကောင်းမျိုးသန့် ရေဆင်း(၆)နဲ့ ရေဆင်း(၁၂) ကုလားပဲမျိုးတွေကို စိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ထိုသို့ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသခံတောင်သူများက အထွက်နှုန်းကောင်းသည့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)က ဖြန့်ဖြူးပေးသော မျိုးကောင်းမျိုးသန့် ရေဆင်း(၆)နှင့် ရေဆင်း(၁၂) ကုလားပဲမျိုးစေ့များကို အားထားစိုက်ပျိုးကြကြောင်း၊ ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ (မြေ ၊ မျိုး၊ ပိုး) တာဝန်ခံဝန်ထမ်းများက တောင်သူများ ကုလားပဲစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားစေရေး မြေဆီလွှာကောင်းမွန်စေရန် လုပ်ဆောင်ရမည့်နည်းစနစ်များ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရန် နည်းလမ်းများနှင့် အခြေခံသီးနှံစိုက်ပျိုးနည်းစနစ်များကို ကွင်းဆင်းပညာပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မင်းဘူးမြို့နယ် တောဘို့ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မင်းဘူး ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောဘို့ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ တောဘို့ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



မင်းဘူးမြို့နယ် တောဘို့ကုန်းကျေးရွာ၌ လမ်းအရှည် ၁ ဒသမ ၅ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ရောမြေနှင့် မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၂၂၀ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ယခုနှစ် ဇွန် ၂၇ ရက်မှ စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးမှုကြောင့် တောဘို့ကုန်းကျေးရွာမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။ **ခင်မာ**

# တောင်ကြီးမြို့နယ် ဆောင်းငုံးကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နောင်ကားကျေးရွာအုပ်စု ဆောင်းငုံးကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ်းနွဲ့ဦးက ဆောင်းငုံးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၄၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆောင်းငုံးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၂ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်နိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၀၅ |

**(သာဓ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများက မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် တာဝန်ရှိသူများက အရံစေတီတော်များကို အစီအစဉ်အတိုင်း ရွှေထီးတော်တင်လှူပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးတောင်ဘက်အရပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသက်န်းတော်ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက မြို့တော်ထိပ်ပန်မင်္ဂလာစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က စေတီတော်ကြီးတောင်ဘက်အရပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသင်္ကန်းတော်ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုစဉ်။



စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်မည့် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက ပန်းများဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဝဲကြီးစာသင်တိုက် ဆရာတော်ကြီးအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မဟာဗောဓိညောင်ပင်တော်ကြီးပိုမို၍ တည်တံ့ခိုင်မြဲဝေစည်ရှင်သန်နိုင်စေရန်ရည်သန်၍ ပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ ယင်းနောက် မင်္ဂလာမော်ကွန်း ကမ္ပည်းကျောက်စာတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်၍ ရတနာရွှေခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်သည်။

အခမ်းအနားများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



## အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်ဖြစ်

ရရှိပြီးသော လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းပြည်ပအဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်) ၄-၁-၂၀၂၃

# ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပိုက်ကျော်ခြင်းဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က စတုတ္ထဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ငွေသားဆု ကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က တတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။




အလားတူ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဖူဆယ်ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖူဆယ်ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ တစ်ဖက် သုံးဂိုးစီ သရေကျရာ ပင်နယ်တီအဆုံးအဖြတ်ခံယူကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို ကိုးဂိုး ရှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဦးဇင်မင်းထက်တို့က အကောင်းဆုံးဂိုးသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက စတုတ္ထဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ငွေသားဆု ကျပ်ငါးသိန်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်းပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး၊ ဘော်လီဘောပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား၊ ဖူဆယ်ပြိုင်ပွဲ အမျိုးသား၊ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများကို ထည့်သွင်းကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၃ ရက်တွင် ဗိုလ်လုပွဲစဉ်များအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးနှင့် အမျိုးသားဘောလုံးပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



☆ **ကျောဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဧည့်ခံကြိုဆိုနေရာချထားရေး၊ ဂုဏ်ပြုညစာတည်ခင်းဧည့်ခံရေး၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ ပဒေသာကပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအပါအဝင် အစီအစဉ်များအလိုက်ဆောင်ရွက်သွားမည့်အစီအမံများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုသို့လေ့ကျင့်ဆောင်ရွက်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါး၊ မိုးစပါးနှင့်ဆီထွက်သီးနှံစိုက်ပျိုးကြမည့် တောင်သူလယ်သမားများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါး၊ မိုးစပါးနှင့်ဆီထွက်သီးနှံများ စိုက်ပျိုးကြမည့် နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ်တောင်သူများ နှင့်တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်း က စိမ်းစားပင်ကျေးရွာ စိုက်ပျိုးနည်းပညာ ပေးစင်တာ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယ ဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ရှစ်အုပ်စု မှ တောင်သူ ၅၈ ဦး၊ စိုက်ပျိုးပညာပေး ဝန်ထမ်း ၃၂ ဦးတို့ တက်ရောက်ကြသည်။







တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက စပါး၊ မြေပဲ၊ နှမ်း၊ နေကြာသီးနှံများတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်း မျိုးသန့်သုံးစွဲရန်၊ မြေပြုပြင်ရာတွင် ထယ်ရေး ထွန်ရေးကောင်းရန်နှင့် ခေတ်မီစိုက်ပျိုး နည်းစနစ်များကျင့်သုံးရန် စပါးစိုက်ပျိုးရာ တွင်အထူးသဖြင့် ကြပက်စိုက်ပျိုးမှုများ မပြုလုပ်ဘဲ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ပြောင်းလဲဆောင်ရွက်ရန်၊ ဓာတ်မြေဩဇာ များကို အချိန်ကိုက်အချိုးကျ သုံးစွဲရန်၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများကို မလိုအပ်ဘဲ အသုံးမပြုရေးနှင့် လိုအပ် သလောက်သာအသုံးပြုရန် ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် နည်းပညာအပါအဝင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများက ကူညီ ပံ့ပိုးပေးသွားမည်ဖြစ်၍ တောင်သူများက စုစည်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက် ကြရန်လိုအပ်ချက်များကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက် လာကြသည့် တောင်သူများက လုပ်ငန်း ဆိုင်ရာ လိုအပ်ချက်များတင်ပြကြရာ သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်များက မြေဆီလွှာထိခိုက်ပျက်စီးမှု မရှိစေဘဲ သီးနှံထုတ်လုပ်မှု တိုးတက် မြင့်မားလာစေရေး ဆောင်ရွက်ရန် နည်းလမ်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော လယ်ယာ ကုန်ထုတ်လုပ်ငန်းများ ထွန်းကားလာရေး ကြိုးပမ်းသွားကြရန် လိုအပ်ချက်များ၊ စိုက်ပျိုးရေရယူမှု အသုံးပြုရာတွင် ရေသောက်စနစ်အတွင်းရှိ စိုက်ကွင်းများ အားလုံး မျှမျှတတခွဲဝေအသုံးပြုနိုင်ရေး အတွက် ရေအသုံးချသူအဖွဲ့ (WUG) တောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အရေးပါပုံတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဇင်မင်းထက် တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်ကောင်စီ လူငယ်ရေးရာ ကော်မတီကကြီးမှူး၍ နေပြည်တော် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီး ဌာနနှင့် နေပြည်တော်လူငယ်ရေးရာဦးစီး ဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၃)သင်တန်းဆင်းပွဲ အခမ်းအနား ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း (၂)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ် ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် ဦးအောင် ခိုင်ဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မ တီဝင်များ၊ လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်း သား၊ သင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက် က လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းသည် နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ရှိသည့် လူငယ်များကို ကုန်ထုတ်လုပ်မှု အတတ်ပညာတစ်ခု တတ်မြောက်ပြီး ပြန်လည်မျှဝေခြင်းဖြင့် လူငယ်များကြား ကုန်ထုတ်လုပ်မှုအတတ် ပညာတစ်ခုပြန့်ပွား တိုးတက်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိပေါ် ပေါက်လာစေရန်၊ ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ အသေးစား၊ အလတ်စား၊ အငယ်စားစီးပွား ရေး(MSME) လုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းလာစေရေး အထောက်အကူ ပြုစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားပေး ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်း နည်းပြ ဆရာ၊ ဆရာမများကို ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်း ဆင်းလက်မှတ်များ၊ သင်တန်းမှရရှိသည့် ကုန်ချောပစ္စည်းများနှင့် သင်တန်းတွင် ထူးချွန်သူများကို ကုန်ကြမ်းပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သင်တန်းသား၊သင်တန်း သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူ များပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းသို့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂ ရက်ထိ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# သစ်တောဦးစီးဌာန စိုက်ခင်းထူးချွန်ဆု၊ တရားမဝင်သစ်ဖမ်းဆီးရမိမှု ထူးချွန်ဆုနှင့် အားကစားပြိုင်ပွဲများဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ၂၀၂၄ ခုနှစ် နှစ်သစ်ကူးအမျိုးသား၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ ရက်မှ ဇန်နဝါရီ ၂ရက်ထိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး မြက်ခင်းပြင်တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် အမျိုးသားလွန်ဆွဲပြိုင်ပွဲ တတိယလုပွဲနှင့်ဗိုလ်လုပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့်ဌာနအကြီးအကဲများ၊ ဝန်ထမ်းများတက်ရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ သစ်တောစိုက်ခင်းထူးချွန်ဆု၊ တရားမဝင်သစ်ဖမ်းဆီးရမိမှု ထူးချွန်ဆုနှင့် အားကစားပြိုင်ပွဲများဆုချီးမြှင့်ခြင်းအခမ်းအနားကို အင်ကြင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တည်ငြိမ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေးအတွက် အရေးပါသောသစ်တောစိုက်ခင်းများတည်ထောင်ခြင်းတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများနှင့် သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရန်နှင့်သစ်နှင့်သစ်တောထွက်ပစ္စည်း ခိုးယူထုတ်လုပ်မှုများ လျော့နည်းပပျောက်စေရေးအတွက် တရားမဝင်သစ်ဖမ်းဆီးရေးတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း။

သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၃ မိုးရာသီတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း စုစုပေါင်း ၁၆၀၇၁ ဧက ဆောင်ရွက်ခဲ့ပြီး တရားမဝင်သစ်တားဆီးကာကွယ်ရေးအတွက် ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နည်းလမ်း ရှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ စုစုပေါင်းတန် ၁၀၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍လည်း အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးစိုက်ခင်းထူးချွန်ဆု ပထမ၊ တရားမဝင်သစ်ဖမ်းဆီးရမိမှုထူးချွန်ဆု ပထမ၊ အမျိုးသားလွန်ဆွဲပထမ၊ အမျိုးသမီးလွန်ဆွဲပထမဆုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက စိုက်ခင်းထူးချွန်ဆု ဒုတိယ၊ တရားမဝင်သစ်ဖမ်းဆီးရမိမှုထူးချွန်ဆု ဒုတိယ၊ အမျိုးသားလွန်ဆွဲ ဒုတိယ၊ အမျိုးသမီးလွန်ဆွဲ ဒုတိယဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အမြဲတမ်းအတွင်းဝန်နှင့်ဌာနအကြီးအကဲများက ကျန်သည့်အားကစားပြိုင်ပွဲများအလိုက် ဆုရရှိကြသူများကို ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၏ ငါးထပ်ကုသဆောင်သစ်နှင့် ဆေးတက္ကသိုလ်-တောင်ကြီး သင်ကြားရေး လေးထပ်စာသင်ဆောင်ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားနှင့် ဆေးတက္ကသိုလ်-တောင်ကြီး သင်ကြားရေး လေးထပ်စာသင်ဆောင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊အထူးကုဆရာဝန်ကြီးများ၊ သင်ကြားရေးဆိုင်ရာဆရာ၊ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ဆေးတက္ကသိုလ်-တောင်ကြီး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှဝင်းမြင့်တို့က ဆေးတက္ကသိုလ်-တောင်ကြီး လေးထပ်စာသင်ဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်ကြားရေး လေးထပ်ဆောင်ရှိ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် ဆေးတက္ကသိုလ်-တောင်ကြီး ပါမောက္ခချုပ်က ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆေးတက္ကသိုလ်-တောင်ကြီးအတွက် လှူဒါန်းပေးကြသော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးတို့က ငါးထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ စဝ်စံထွန်းပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ငါးထပ်ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် အရေးပေါ်ဆေးကုသမှုဌာန၊ နှလုံးကြပ်မတ်ကုသဆောင်၊ ဆေးကုသဆောင်၊ ကျောက်ကပ်သွေးသန့်စင်ဌာနတို့တွင် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လူနာများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၁သိန်း ဘီလီယံကျော် (၂၁၉၂၁သိန်း ကျပ်သန်း) အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အရေးပေါ်ကုသမှုဌာနနှင့် စာသင်ခန်းမ၊ ဓာတ်မှန်ဌာန၊ အရိုးကုသဆောင်၊ အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုမည့် (Endoscopy)အခန်းနှင့် ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ စာသင်ခန်းများ၊ ခွဲစိတ်ခန်း ငါးခန်းတို့ပါဝင်ကာ လူနာခုတင်အသစ်များ၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ အရေးပေါ်ဌာနတို့အတွက် လိုအပ်သည့်ဆေးရုံသုံးစက်ပစ္စည်းကိရိယာများကို ဖြည့်ဆည်းတပ်ဆင်ပေးထားပြီး ဆေးတက္ကသိုလ်-တောင်ကြီး လေးထပ်စာသင်ဆောင်သစ်ကို စုစုပေါင်းကုန်ကျငွေကျပ် ၁၄၀၃ သန်းကိုအသုံးပြုကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဆေးတက္ကသိုလ်-တောင်ကြီးတွင် ၂၀၂၄ ပညာသင်နှစ်အတွက် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းကို စတင်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်းသို့သွားရောက်ကာ ဆရာ၊ ဆရာမ၊ သင်တန်းသား၊ သင်တန်းသူများကိုတွေ့ဆုံပြီး သင်ကြားရေးလုပ်ငန်းများနှင့် နေထိုင်စားသောက်ရေးအတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးပြီး ထောက်ပံ့ငွေပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ သားဖွားသင်တန်းကျောင်းသို့ သွားရောက်ကာ သင်တန်းသား၊ သင်တန်းသူများကိုတွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဂျပန်နိုင်ငံတွင် ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူလေးဦး သေဆုံး



**တိုကျို ဇန်နဝါရီ ၂**

ဂျပန်နိုင်ငံ အနောက်ဘက် ကမ်းရိုးတန်း တစ်လျှောက်တွင် ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းက ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူလေးဦးသေဆုံးခဲ့ကြောင်း ဂျပန်မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ အနောက်ဘက် ဟွန်ရှူးကျွန်းပေါ်ရှိ အင်ရှီကာဝါ စီရင်စုအနီး ဂျပန်ပင်လယ်ပြင်ကို ဗဟိုပြု၍ ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ရာ အဆောက်အအုံများ ပြိုကျပြီး နေအိမ်အများအပြား ပျက်စီးကာ လူလေးဦး သေဆုံးခဲ့ကြောင်း၊ အပျက်အစီးများကြားတွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ယိုရှီမာဆာဟာယာရှီက ပြောကြားခဲ့သည်။

ဂျပန်မိုးလေဝသအေဂျင်စီက အင်ရှီကာဝါ၊ နီဂါတာနှင့်တိုယားမား စီရင်စုတို့၏ ကမ်းရိုးတန်းဒေသများတွင် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ပြီး ဒေသခံအများအပြားကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပွားလျက်ရှိပြီး ဂျပန်ကမ်းရိုးတန်းတစ်လျှောက် အမြင့် သုံးပေခန့်ရှိ ဆူနာမီလှိုင်းများတက်လာနိုင်ကြောင်း၊ ၂၀၁၁ ခုနှစ်မတ်လက လှုပ်ခတ်ခဲ့သော ငလျင်နောက်ပိုင်း ပထမဆုံး ဆူနာမီသတိပေးချက်ဖြစ်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု အသေးစိတ်ကို စိစစ်နေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားထားသည်။

လာမည့်ရက်များအတွင်း နောက်ဆက်တွဲငလျင်များ ထပ်မံဖြစ်ပေါ်နိုင်ကြောင်းလည်း ဂျပန်မိုးလေဝသအေဂျင်စီမှ အရာရှိ တိုရှိဟီယိုရှီမိုယာမာက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : AZH**

# သြစတြေးလျနိုင်ငံ အရှေ့ဘက်ခြမ်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိ

**ကင်ဘာရာ ဇန်နဝါရီ ၂**

သြစတြေးလျနိုင်ငံ အရှေ့ဘက်ခြမ်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း သြစတြေးလျမိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁ ရက် သတင်းများအရ သိရသည်။

သြစတြေးလျနိုင်ငံတွင် ခရစ္စမတ်ကာလမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ နယူးဆောက်ဝေးပြည်နယ် အရှေ့မြောက်ပိုင်းနှင့် ကွင်းစလန်းပြည်နယ် အရှေ့တောင်ပိုင်းဒေသတို့၌ ဇန်နဝါရီ ၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သဖြင့် မြို့အများအပြားတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ပြီး မိုးကြိုးမုန်တိုင်းတွေလဲ ဖြစ်ပေါ်နိုင်တဲ့အပြင် ရုတ်တရက်ရေကြီးရေလျှံမှုတွေက အသက်အန္တရာယ်ထိခိုက်မှုတွေ ထပ်ဖြစ်လာနိုင်ပါတယ်"ဟု သြစတြေးလျ မိုးလေဝသဌာနမှ မိုးလေဝသ ကြိုတင်ခန့်မှန်းသူ Miriam Bradbry က ပြောကြားသွားခဲ့သည်။

ဇန်နဝါရီ ၁ ရက်က ရွာသွန်းခဲ့သောမိုးရေချိန်သည် ယခင်နှစ်ပျမ်းမျှမိုးရေချိန်ထက် မီလီမီတာ ၂၅၀ ပိုမိုရွာသွန်းခဲ့ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားပြီး ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့်အခြေအနေတွင် ရောက်ရှိနေကြောင်း Miriam Bradbry က ဆက်လက်ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၅ ခရစ္စမတ်ကာလမှစတင်၍ မိုးကြိုးမုန်တိုင်းများကြောင့် ကွင်းစလန်းပြည်နယ်တွင် သစ်ပင်များလဲကျခဲ့ပြီး ဓာတ်အားလိုင်းများ ပြတ်တောက်လျက်ရှိရာ ယခု မိုးဆက်လက်ရွာသွန်းနေမှုအခြေအနေများကြောင့် ဓာတ်အားလိုင်း ပြန်လည်ချိတ်ဆက်ရေးလုပ်ငန်းများ ပိုမိုနှောင့်နှေးစေနိုင်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : AZH**

# အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် မိုးခေါင်မှုကြောင့် ရူပီးကုဋေ ၃၅၀၀၀ ကျော်တန်ဖိုးရှိ စိုက်ခင်းဧက ၄၈ သိန်း ပျက်စီးခဲ့

**နယူးဒေလီ ဇန်နဝါရီ ၂**

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း မိုးခေါင်မှုဖြင့် ကာလရှည်ရင်ဆိုင်ခဲ့ရသဖြင့် ရူပီးကုဋေ ၃၅၀၀၀ ကျော်တန်ဖိုးရှိ စိုက်ခင်းဧက ၄၈ သိန်း ပျက်စီးခဲ့ကြောင်း ကာနာတာကာပြည်နယ်ဝန်ကြီးချုပ် ဆစ်ဒါရာမိုင်အာက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်သည့် ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသော ဒေသခံတောင်သူများကို လိုအပ်သောကူညီပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့သော်လည်း မိုးခေါင်သည့်နှုန်း ကျဆင်းသွားခြင်း မရှိပါက လုံလောက်သည့် ကူညီပံ့ပိုးမှုမျိုးဆက်လက်လုပ်ဆောင်နိုင်ဖွယ်မရှိသောကြောင့် ပြည်သူများအတွက် အကောင်းဆုံးဖြစ်စေမည့် အထောက်အပံ့မှာ သဘာဝအထောက်အပံ့ဖြစ်သည့်မိုးရွာသွန်းမှုပင်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်နှစ်သစ်ကာလတွင် ကာနာတာကာပြည်နယ်၌ မိုးခေါင်သည့်ပြဿနာ လျော့ကျလာကာ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ပြီး တောင်သူများ၏ဘဝ တိုးတက်မြင့်မားလာစေရန်မျှော်လင့်ကြောင်း ကာနာတာကာပြည်နယ်ဝန်ကြီးချုပ် ဆစ်ဒါရာမိုင်အာက ပြောကြားသည်။



"မိုးခေါင်တဲ့ပြဿနာကြောင့် ရူပီးကုဋေ ၃၅၀၀၀ ကျော်တန်ကြေးရှိတဲ့ စိုက်ခင်းဧက ၄၈ သိန်းထိ ပျက်စီးသွားခဲ့တယ်။ ၂၀၂၄ ခုနှစ်အတွင်းမှာ မိုးခေါင်တဲ့ပြဿနာတွေ ကျဆင်းပြီး ပုံမှန်အတိုင်းမိုးရွာသွန်းမှုတွေဖြစ်ပေါ်လာကာ တောင်သူတွေလိုအပ်တဲ့ ရေပမာဏလုံလုံလောက်လောက် ရရှိစေမယ်လို့လဲ မျှော်လင့်ပါတယ်။ ၂၀၂၄ ခုနှစ် မိုးကာလမှာ ကာနာတာကာပြည်နယ်မှာ မိုးရွာသွန်းမှုတွေဖြစ်ပေါ်လာပါစေလို့ ဆုတောင်းပါတယ်။ ရာသီဥတုပြောင်းလဲမှုတွေလဲအမြန်ဆုံးလျော့ကျသွားပါစေလို့ ဆုတောင်းပါတယ်"ဟု ကာနာတာကာပြည်နယ်ဝန်ကြီးချုပ် ဆစ်ဒါရာမိုင်အာက ဆက်လက်ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# လေဆင်နှာမောင်းဒဏ်သင့် စတောလေဘရစ်ချ်မြို့နှင့် ဒူကင်ဖီးမြို့မှ မိသားစု ၃၂ စု နေရပ်ပြန်ခွင့်မပြုသေး

**လန်ဒန် ဇန်နဝါရီ ၂**

အင်္ဂလန်နိုင်ငံ စတောလေဘရစ်ချ်မြို့နှင့် ဒူကင်ဖီးမြို့တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများအနက် တချို့မှာ နှစ်သစ်ကူးပွဲတော်မတိုင်မီ နေရပ်သို့ပြန်ခွင့်ရခဲ့သော်လည်း မိသားစုပေါင်း ၃၂ စုကို နေရပ်သို့ ပြန်ခွင့်မပြုသေးကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နေရပ်သို့ ပြန်ခွင့်မပြုသေးသည့် မိသားစုဝင်များ၏ နေအိမ်များသည် လေဆင်နှာမောင်းဒဏ်ကြောင့် ကြီးမားသောပျက်စီးမှုဖြင့် ရင်ဆိုင်ခဲ့ရသဖြင့် ၎င်းနေအိမ်များကို လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ပြီးမှသာ ဒေသခံများကို နေရပ်သို့ ပြန်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"လေဆင်နှာမောင်းကြောင့် အခြေခံအဆောက်အအုံ ၇၆ လုံးနဲ့ နေအိမ် ၃၂ လုံးထိ ကြီးမားတဲ့ပျက်စီးမှုနဲ့ရင်ဆိုင်ခဲ့ရတယ်။ တချို့ အသေးစားပျက်စီးမှုနဲ့ ရင်ဆိုင်ခဲ့ရတဲ့နေအိမ်တွေက ဒေသခံတွေကိုတော့ နေရပ်ကို ပြန်ခွင့်ပြုထားပါပြီ။ အန္တရာယ်ရှိတဲ့ ပျက်စီးမှုနဲ့ ရင်ဆိုင်ခဲ့ရတဲ့ နေအိမ် ၃၂ လုံးက ဒေသခံတွေကတော့ ကယ်ဆယ်ရေးစခန်းမှာ နေရာချပေးထားဆဲဖြစ်ပါတယ်"ဟု အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အမိုးအကာများပျက်စီးခဲ့သည့်နေအိမ်များ ရှိခဲ့သကဲ့သို့ သစ်ကိုင်းများ၊ သစ်ပင်ကြီးများ ကျိုးကျကာ နေအိမ်များပေါ်သို့ ကျရောက်ခဲ့ခြင်းကြောင့် နေအိမ်များတွင် အမိုးအကာများပျက်စီးခြင်း၊ အဆောက်အအုံ၏ အဓိက Structures များ ထိခိုက်ပျက်စီးခြင်းများရှိခဲ့ကြောင်း၊ အဆိုပါ အဆောက်အအုံများကို အန္တရာယ်ရှိသည့် အဆောက်အအုံများအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းအဆောက်အအုံပိုင်ရှင် ဒေသခံများကို ကယ်ဆယ်ရေးစခန်းများ၌သာ ဆက်လက်နေထိုင်သွားရန် အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရုရှားနိုင်ငံတွင် ဆူနာမီလှိုင်းအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား

**မော်စကို ဇန်နဝါရီ ၂**

ရုရှားအာဏာပိုင်အဖွဲ့အစည်းက ဆာကာလင်းကျွန်းအနောက်ဘက်ပိုင်းကမ်းခြေ၊ ပရီမော့စ်ခ်နယ်မြေနှင့် ခါဘာရို့ဗ်နယ်မြေတို့တွင် ဇန်နဝါရီ ၁ ရက်မှစ၍ ဆူနာမီလှိုင်းအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။


အဆိုပါနယ်မြေများသည် ဂျပန်နိုင်ငံနှင့်နီးကပ်သော နယ်နိမိတ်များဖြစ်ပြီး ဂျပန်နိုင်ငံ၌ ပြင်းအား ၇ ဒသမ ၆ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာမည့် ဆူနာမီလှိုင်းလည်း ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ ပရီမော့စ်ခ်နယ်မြေ၏ ဆိပ်ကမ်းမြို့ဖြစ်သော ဗလာဒီဗိုစတော့ခ်မြို့တွင် ရွက်လှေများ အများဆုံးအသုံးပြုကာ ရေကြောင်းခရီးသွားလာခြင်းနှင့် အပျော်တမ်းရွက်လှေစီးသူ များပြားသည့်အတွက် ရွက်လှေများကို အမြန်ဆုံးကမ်းကပ်ရန်နှင့် ယခုရက်ပိုင်းအတွင်း ရွက်လှေများ လုံးဝအသုံးမပြုကြရန်လည်း ရုရှားအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဂျပန်နိုင်ငံဘက်မှာ လှုပ်ခတ်ခဲ့တဲ့ငလျင်ကြောင့် ရုရှားနိုင်ငံအရှေ့ဖျားဒေသတွေမှာ ဆူနာမီလှိုင်းဖြစ်ပေါ်လာမဲ့အရေးနဲ့ ရင်ဆိုင်နေရပါတယ်။ ဆာကာလင်းကျွန်းရဲ့ အနောက်ဘက်ကမ်းခြေမှာ ဆူနာမီလှိုင်းအခြေအနေ ပိုဆိုးလာနိုင်ပါတယ်။ ဆူနာမီလှိုင်းအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ နယ်မြေတွေမှာ ပရီမော့စ်ခ်နယ်မြေ၊ ခါဘာရို့ဗ်နယ်မြေတို့လဲ ပါဝင်ပါတယ်။ ဆူနာမီလှိုင်းအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားပေမဲ့ သတိပေးချက်လက်ခံရရှိထားတဲ့ဧရိယာတွေမှာ နေထိုင်တဲ့ဒေသခံတွေအနေနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ထိတော့ မလိုအပ်ပါဘူး။ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်တဲ့အဆင့်မျိုးမဟုတ်တဲ့အတွက်ကြောင့် သတိထားစောင့်ကြည့်ဖို့ အဆင့်ပဲဖြစ်ပါတယ်"ဟု ရုရှားအရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကျပ်ခိုး

ဖိုးအေး(ပညာရေး)




(၁)

သူ့အမည်က ကျပ်ခိုး။ အမည်ရင်းကတော့ ကျော်စွာ။ လသားအရွယ်လောက်တုန်းက အိမ်နံရံတိုင်များတွင် တွယ်ကပ်နေသောကျပ်ခိုးများကြည့်ပြီး ကြောက်လန့်တကြား ငိုတတ်သည်ကိုအစွဲပြုပြီး ကျပ်ခိုးဟု အမည်တွင်လာခဲ့သည်။ မွေးချင်းနှစ်ဦးအနက် အငယ်ဆုံးဖြစ်ပြီး အစ်မဖြစ်သူက အိမ်ထောင်ကျသွားသောကြောင့် အိမ်ခွဲနေသည်။ ကျပ်ခိုးတစ်ဦးသာ မိဘများနှင့်အတူနေထိုင်ခဲ့သည်။ ယခုဆိုလျှင် ကျပ်ခိုးအသက်သည် ၂၀ နှစ်ကျော်ပြီဖြစ်သည်။

"ဟဲ့ ကျပ်ခိုး နင်အလုပ်လေး ဘာလေးလုပ်ဖို့ အစီအစဉ်မရှိတော့ဘူးလား။ ဒီအတိုင်းပဲ ထိုင်နေတော့မှာလား"

"အမေရယ် သားလဲအလုပ်လုပ်ချင်ပါတယ်။ ဒါပေမဲ့ အလုပ်ဆိုတာကလဲ ကိုယ်ကရှာလေဝေးလေ လိုက်လေပြေးလေဆိုသလိုဖြစ်နေတော့"

"တော်တော့ နင့်ရဲ့စကားကြီးစကားကျယ်တွေကို နားမထောင်ချင်တော့ဘူး။ တကတဲ ပညာကျတော့လဲ မသင်ချင်၊ လက်ကြောကလဲမတင်း။ နင့်အဖေလုံခြုံရေးအလုပ်လေးကြောင့် ထမင်းမငတ်တာပေါ့ ကျပ်ခိုးရေ။ နင်ဟာ ကျပ်ခိုးဆိုတဲ့အတိုင်း အိမ်အတွက်အသုံးမဝင်တဲ့အပိုပဲ"

ကျပ်ခိုးအတွက်တော့ သူ့အမေ၏ပြောစကားများသည် ရိုးအီနေပြီဖြစ်သည်။ ထို့ကြောင့်ပင် ဘာမျှပြန်မပြောတော့ဘဲ ဖတ်လက်စ ဂျာနယ်ကိုသာ ဆက်ဖတ်နေလိုက်တော့သည်။ အမေဖြစ်သူကလည်း ကျပ်ခိုးကို ပြောလည်းမထူးမည်ဆိုသည်ကို သိထားသော်လည်း အချိုးများ ပြောင်းလာမလားဆိုပြီး အမောခံ၍ ပြောနေခြင်းသာဖြစ်သည်။ တကယ်တော့ ကျပ်ခိုးလည်း အိမ်ကမသိအောင် အလုပ်ရှာနေခဲ့သည်။ ယခင်က ဖျင်းရိခဲ့သော်လည်း ယခုတော့ အိမ်စရိတ်ကို တတ်နိုင်သလောက် ကူညီပေးချင်သည်။ ထို့ကြောင့်ပင် ငယ်သူငယ်ချင်း ဇော်ကြီးကလွဲ၍ ဘယ်သူ့မျှမပြောဘဲ တိတ်တဆိတ်အလုပ်ရှာနေခဲ့ခြင်းဖြစ်သည်။

(၂)

"ကျပ်ခိုး မင်း ဒီမနက်ငါပြောပေးထားတဲ့ အလုပ်သွားလျှောက်တာအဆင်ပြေရဲ့လား"

"မပြေပါဘူး ဇော်ကြီးရာ။ အင်တာဗျူးတောင် မဖြေခဲ့ရဘူး"

"ဟာ မင်းဟာက အဆန်းပါလား။ ဘာဖြစ်လို့တုံးကွ"

"လူကုန်တဲ့ထိ ငါ့နာမည်မခေါ်ဘူးလေကွာ။ ဒါနဲ့ ငါလဲစိတ်ပျက်ပြီးပြန်လာတာ"

"ဟေ မင်းနာမည်မခေါ်ဘူးဟုတ်လား။ အဲဒီစက်ရုံက ဒါဆိုဘာလို့များ ငါ့ကိုဖုန်းဆက်ပြီးပြောခိုင်းနေသေးလဲကွာ"

"တကယ်တော့ သူတို့ကခေါ်တယ်ကွ။ သူတို့က ကျော်စွာလို့ခေါ်တာလေ။ ငါကလဲ ငါ့နာမည်ငါ ကျပ်ခိုးပဲစွဲနေတော့ ကျော်စွာဆိုတာမေ့နေပြီလေ။ ငါ့ပတ်ဝန်းကျင်မှာ ငါ့ကိုကျော်စွာလို့ ခေါ်တဲ့သူမှမရှိတာ"

ကျပ်ခိုး၏စကားကြောင့် ဇော်ကြီးမှာ ဝမ်းနည်းရခက်၊ ဝမ်းသာရခက်ဖြစ်သွားသည်။ ကျပ်ခိုး၏ပုံစံသည်လည်း စိတ်ပျက်အားငယ်နေပုံပေါက်နေသောကြောင့် ဇော်ကြီးစိတ်မကောင်းဖြစ်ခဲ့ရသည်။ ကျပ်ခိုးအတွက် အလုပ်လိုအပ်နေသည်ကို ဇော်ကြီးအသိဆုံးဖြစ်သည်။ ယခင်ကပေတေနေခဲ့သော်လည်း ကျပ်ခိုးသည် ဇော်ကြီး၏ပြောစကားများကြောင့်ရော ဇော်ကြီးတို့မိသားစုကို မြင်တွေ့ပါများခြင်းကြောင့်ပါ ပြောင်းလဲခဲ့ရခြင်းဖြစ်သည်။ ဇော်ကြီးသည် အလုပ်ကြိုးစားပြီး မိဘလုပ်ကျွေးနေသူဖြစ်သည်။ ကျပ်ခိုးကိုလည်း အလုပ်လုပ်ရန် အမြဲတိုက်တွန်းခဲ့သူဖြစ်သည်။

ထို့ကြောင့်ပင် ကျပ်ခိုးသည် အလုပ်လုပ်ချင်စိတ်ပေါ်လာပြီး ဇော်ကြီးကို အကူအညီတောင်းကာ အလုပ်ရှာခိုင်းခဲ့ခြင်းဖြစ်သည်။ သို့သော် သူ့အလုပ်မရမချင်း အိမ်ကိုအသိမပေးဘဲ နေမြဲအတိုင်းနေသွားရန် ဆုံးဖြတ်ထားသည်။ အမှန်တော့ ကျပ်ခိုးသည် အမေနှင့်အဖေကို အံ့ဩဝမ်းသာစေရန်သာ ရည်ရွယ်သည်။ အမေပြောသလို အိမ်တွင် အသုံးမဝင်သည့် ကျပ်ခိုးများကဲ့သို့ သူ မဖြစ်ချင်တော့ပါ။ ယခုဆိုလျှင် ကျပ်ခိုးသည် အိမ်နံရံတွင် တွယ်ကပ်နေသော ကျပ်ခိုးများကို မကြောက်တော့ပေ။

(၃)

"ကိုတင်လှ ရှင့်အလုပ်ထဲမှာ လူလေးဘာလေး မလိုဘူးလားရှင်"

"ဘာလဲ မိန်းမ မင်းလုပ်မလို့လား။ ဒီအသက်အရွယ်ကြီးမှကွာ"

"အိုတော် ရှင်ကလဲ ကျွန်မလုပ်စရာလား။ ကျွန်မတို့သား ကျပ်ခိုးအတွက်ပါတော်"

"မင်းကလဲကွာ။ သားကြားသွားပါအုံးမယ်"

"မကြားပါဘူးတော် ရှင့်သားကအိပ်နေပြီ။ ရှင်က ရှင့်သားကိုချစ်တာ ကျွန်မသိပါတယ်။ ဒါပေမဲ့ သူ့အလုပ်လုပ်ရမဲ့အရွယ်ရောက်နေပြီလေ။ အသက်တွေက ငယ်သွားမှာမဟုတ်ဘူး။ ကြီးလာမှာလေ။ နောက်ပြီး"

"မင်းပြောတာမှန်ပါတယ် မဆွေရယ်။ ဒါပေမဲ့ အရာအားလုံးက ကံတရားအတိုင်းပဲလေ။ သူမလုပ်ချင်တဲ့အရာတစ်ခုကို ငါတို့က ဇွတ်လုပ်လို့မရဘူး။ နောက်ပြီး ငါတို့စက်ရုံကပင်ပန်းတယ်ဟ။ ငါတောင် လုံခြုံရေးမို့လို့။ အေးပါ ခဏတော့စောင့်ပါအုံးဟာ။ သူ့ကိုအတင်းခိုင်းတာထက် သူ့ကို သူဘာသူနားလည်လာအောင် ဖျောင်းဖျကြည့်ကြတာပေါ့ဟာ"

သူအိပ်နေပြီထင်ပြီး အဖေနှင့်အမေပြောနေသော စကားများကို ကျပ်ခိုး အတိုင်းသားကြားနေရသည်။ တိုးတိုးလေးပြောနေကြသော်လည်း ညသည် တိတ်ဆိတ်ငြိမ်သက်ခြင်းများကြောင့် စကားလုံးများကိုပေါ်လွင်အောင်ဖော်ပြစေသည်။ အဖေနှင့်အမေ၏ သူ့အပေါ်ထားသော စေတနာများကို သူနားလည်သည်။ ထိုစကားသံများကိုကြားပြီး သူ့ရင်ဘတ်ထဲတွင်လည်း ဆို့နင့်မှုတစ်ခုကို ခံစားလိုက်ရသည်။ အသံထွက်သွားမည်စိုး၍ သူသည်ပါးစပ်ကို လက်ဖြင့်လျင်မြန်စွာအုပ်လိုက်သည်။ သို့သော် သူ့ပါးပြင်တွင် မျက်ရည်ပူများ လိမ့်ဆင်းလာခဲ့ရသည်။ ထို့နောက် အဖေပြောနေကျ စကားတစ်ခွန်းကို နားထဲကြားယောင်လာမိသည်။

"ဘာပဲလုပ်လုပ် သစ္စာဆိုပြီးလုပ် ငါ့သား။ ကိုယ်လုပ်ခဲ့တဲ့ကောင်းမှုပဲဖြစ်ဖြစ်၊ မကောင်းမှုပဲဖြစ်ဖြစ် မှန်ကန်တဲ့သစ္စာဆိုပြီးသာလုပ်။ မှန်ကန်တဲ့အကျိုးကို ပေးလာလိမ့်မယ်ငါ့သား"

ထို့ကြောင့် လှဲနေရာမှ ထထိုင်လိုက်ပြီး လက်အုပ်ချီကာ ဘုရားအားရည်မှန်း၍ စိတ်ထဲမှ သစ္စာဆိုတိုင်တည်လိုက်တော့သည်။

"အရှင်ဘုရား တပည့်တော်သည် အရင်က ဘဝကို အကျိုးမရှိဘဲ အချိန်ကုန်ဖြုတ်သန်းခဲ့ပါတယ်။ အခုအခါ မိဘတွေကို စာနာနားလည်ပြီး ပြန်လည်လုပ်ကျွေးချင်တဲ့ဆန္ဒတွေ ဖြစ်နေခဲ့ရပါတယ် အရှင်ဘုရား။ ဒါကြောင့်လဲ တပည့်တော်အလုပ်တွေ လိုက်ရှာနေပါတယ်။ ဤစကားများသည် မှန်ကန်ကြောင်း တပည့်တော်သစ္စာဆိုပါတယ်။ ထိုသစ္စာစကားမှန်ကန်ခဲ့လျှင် တပည့်တော်အလုပ်အမြန်ဆုံးရပါစေဘုရား"

(၄)

"မင်းနာမည်က မောင်ကျော်စွာနော်"

အလုပ်ရှင်၏ အမေးစကားကြောင့် ကျပ်ခိုးလည်း "ဟုတ်ကဲ့"ဟု လျင်မြန်စွာပြန်ဖြေလိုက်သည်။

"အေးကွာ ပညာအရည်အချင်းကလဲ ငါးတန်းပဲဆိုတော့ ငါတို့အလုပ်နဲ့အဆင်မပြေဘူးကွ။ နောက်ပြီး အောက်ခြေဝန်ထမ်းတွေကလဲ သူ့လူနဲ့သူ ကွက်တိဆိုတော့ မလိုသေးဘူးကွ"

ထိုစကားများသည် ကျပ်ခိုးအတွက် မဆန်းတော့ပေ။ အကောင်းဆုံးရင်ဆိုင်နိုင်ပြီဆိုသော်လည်း ရင်ထဲတွင်တော့ ဝမ်းနည်းမိသည်။ သည်အလုပ်မရလည်း နောက်အလုပ်တစ်ခုရှာရမည်ဆိုပြီး အားမွေးလိုက်သည်။ အလုပ်ရှင်သူဌေးကို နှုတ်ဆက်ပြီး ပြန်ရန်အပြုမှာပင် လူတစ်ဦးသည် သူဌေးအနားသို့ရောက်လာတော့သည်။

"သူဌေး ခုနကပဲ မောင်မြင့်ဆီက ဖုန်းလာတယ်။ သူ့ဦးလေး နာရေးဖြစ်လို့ ရွာပြန်သွားရာကနေ အခုသူကပြန်လာဖြစ်မှာမဟုတ်တော့တဲ့အတွက် အလုပ်ဆက်မဆင်းဖြစ်တော့ဘူးတဲ့ သူဌေး"

ထိုလူက ထိတ်လန့်စွာပြောနေသော်လည်း အလုပ်ရှင်သူဌေးကတော့ တည်ငြိမ်စွာပင်။

"မောင်ကျော်စွာ နေအုံး။ မင်းကံကောင်းတယ်ပဲပြောရမလား။ အခုငါတို့အလုပ်က သန့်ရှင်းရေးဝန်ထမ်းတစ်ယောက် အလုပ်ထွက်သွားတယ်။ မင်းလုပ်နိုင်မလား မောင်ကျော်စွာ"

အလုပ်ရှင်သူဌေးဆီမှ ထွက်ပေါ်လာသောစကားကြောင့် ကျပ်ခိုး ဝမ်းသာပျော်ရွှင်ခဲ့ရသည်။ ရင်ဘတ်ထဲတွင်လည်း ဖော်မပြနိုင်သော ကြည်နူးခြင်းများက အလိုအလျောက်ဖြစ်တည်လာသည်။ သန့်ရှင်းရေးဝန်ထမ်းဆိုသော်လည်း အလုပ်ဟူသမျှဂုဏ်ရှိစွဟု ဇော်ကြီးပြောဖူးသောကြောင့် ကျပ်ခိုးအတွက်တော့ ရိုးသားပြီး သမ္မာအာဇီဝကျသည့် မည်သည့်အလုပ်မဆို လက်ခံနိုင်သည်။

"ဟုတ် ဟုတ် လုပ် လုပ်မှာပေါ့သူဌေးရာ။ ကျွန်တော်လုပ်နိုင်ပါတယ်။ နောက်ပြီး ကျွန်တော်အကောင်းဆုံးကြိုးစားပါ့မယ်ဗျာ"

"အေး ငါကလဲ ဒီလိုမျိုးကြိုးစားတဲ့သူမျိုးပဲလိုချင်တာ။ မင်းအရည်အချင်းကိုစောင့်ကြည့်ပြီး အဆင်ပြေရင် သင့်တော်တဲ့နေရာကို ပြောင်းပေးမယ်ဟုတ်ပြီလား"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကြိုးစားပါ့မယ်"

ကျပ်ခိုးတစ်ယောက် ညကဆိုခဲ့သော သစ္စာကို သတိရသွားမိသည်။ သစ္စာတရား၏အတိမ်အနက်ကို နားလည်သွားမိသလို မိဘအပေါ် စေတနာမှန်ကန်သည့်အတွက် အကျိုးပေးကိုလည်း သူကိုယ်တိုင်မြင်တွေ့ခဲ့ရပြီလေ။ အိမ်ပြန်ရင် အဖေနှင့်အမေကို ဝမ်းသာရန်ပြောရမည်ဟု ကြိတွေးလိုက်သည်။

"ကျွန်တော် ဘယ်နေ့အလုပ်စဆင်းရမလဲသူဌေး"

"အေး ဖြစ်နိုင်ရင် ဒီနေ့စဆင်းလို့ရမလား။ ယူနီဖောင်းကတော့ မနက်ဖြန်မှရမယ်။ ထမင်းကတော့ ငါတို့အလုပ်က နေ့လယ်စာကျွေးတာဆိုတော့ မင်းအဆင်ပြေမှာပါ"

"ဟုတ်ကဲ့ သူဌေး။ ကျွန်တော် ဒီနေ့စဆင်းပါမယ်။ အခုကျွန်တော်ဘာအရင်ဆုံးလုပ်ရမလဲ"

"လောလောဆယ်တော့ ဒီအခန်းဘေး စတိုခန်းထဲက ကျပ်ခိုးတွေ အရင်သွားရှင်းလိုက်ကွာ"

"ဟုတ် ဟုတ်ကဲ့"

ကျပ်ခိုးဆိုသောစကားကြောင့် ကျပ်ခိုးစိတ်ထဲ သဘောကျ၍ ပြုံးလိုက်မိသည်။ ထို့နောက် ကျပ်ခိုးတစ်ယောက် ကျပ်ခိုးများရှင်းရန်အတွက် စတိုခန်းထဲသို့ တက်ကြွသောခြေလှမ်းများဖြင့် စတင်လိုက်ပါတော့သည်။

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၂၃၉၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၂၃၉၁ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၂၃၉၁ ဧကကို ယခုနှစ် ဇန်နဝါရီလပထမပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မတ်ပဲ ၁၀၂၃၉၁ ဧက စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မတ်ပဲတွေ လျာထားချက်အတိုင်း အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မတ်ပဲ လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးမှာဖြစ်ပါတယ်။ မတ်ပဲသီးနှံတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို မတ်ပဲမစိုက်မီ မြေပြင်ထိကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေဘက်ကလဲ စိုက်ပျိုးရေးနည်းပညာတွေကိုတောင်းခံတာရှိနေလို့ တောင်သူပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဒေသခံတောင်သူတစ်ဦးလျှင် မတ်ပဲ တစ်ဧကမှ ၁၀ ဧကထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါမတ်ပဲများ အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားရောဂါ ကင်းရှင်းစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစီးမှူး ဦးကျော်ကျော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# သိန်းနီမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၁၅၈ ဧက စိုက်ပျိုးပြီးစီး

**လားရှိုး ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းနှမ်း ၁၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

သိန်းနီမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ပန်းနှမ်းဧက ၅၅၀ စိုက်ပျိုးရန် လျာထားပြီး ပန်းနှမ်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပန်းနှမ်း ၁၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရန် ကျန်ရှိသည့်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဒေသတွင်း စားသုံးဆီဖူလုံစေဖို့အတွက် ဆောင်းရာသီမှာ ဆီထွက်သီးနှံပန်းနှမ်းအပါအဝင် မြေပဲ၊ နေကြာ၊ ဆီမုန်ညင်းတွေကို မြို့နယ်အလိုက် စိုက်ပျိုးလျက်ရှိပါတယ်။ သိန်းနီမြို့နယ်အနေနဲ့ ပန်းနှမ်းကို ဒီနှစ်မှာလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ပန်းနှမ်းအထွက်နှုန်း တိုးတက်ကောင်းမွန်စေဖို့အတွက် ပန်းနှမ်းစံပြစိုက်ကွက်တွေကို ဖော်ဆောင်စိုက်ပျိုးပေးနေပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေ၊ ရာသီအလိုက် ကျရောက်တတ်တဲ့ပိုးမွှားအန္တရာယ် ကာကွယ်ရေးသင်တန်းတွေကိုလဲ သက်ဆိုင်ရာမြို့နယ်အလိုက် ဖွင့်လှစ် ပို့ချပေးနေပါတယ်"ဟု ပြည်နယ် ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# လှိုင်းဘွဲ့မြို့နယ် ကော့ဝါးမီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဝါးမီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဇန်နဝါရီ ၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ကော့ဝါးမီကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် ကော့ဝါးမီကျေးရွာ၌ လမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိအောက်ခံလွှာကျောက်ရောမြေခင်းခြင်းနှင့် ဂဝံကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံ ငွေကျပ် ၅၅ ဒသမ ၄၃ သန်းဖြင့် ဇွဲသံလွင်မြေကုမ္ပဏီက ယခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိသော ဒေသထွက်ကုန်များ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ဆက်လှ**

## စိတ်သည်သာလျှင်

- စိတ်ထားကောင်းမွေး
ဘဝရေး
ငြိမ်းအေးသာယာ ဖြောင့်တန်းမည်။

- စိတ်ထားညံ့ယုတ်
ကိုယ့်ဂုဏ်ပုဒ်
သိမ်နုပ်ပျက်ယွင်း မှေးမှိန်မည်။

- စိတ်ထား မြင့်မြတ်
ကိုယ့်ဂုဏ်ဒြပ်
ထုံဟပ်ပျံ့သင်း ကြိုင်နေမည်။

- စိတ်ထားလှမှ
ကိုယ့်ဘဝ
နေရ ခဏ မြတ်လိမ့်မည်။

- ပြဟ္မစိုရ်တရား
လက်ကိုင်ထား
ကျင့်ပွားရပ်တည် ဘေးကင်းမည်။

- မှား မှန် ကောင်း ဆိုး
လွှမ်းမိုး ခြေရာ၊ စိတ်သည်သာလျှင်
ညင်သာပဲ့ကိုင်၊ လွှမ်းမိုးနိုင်မို့
ကိုယ်တိုင်ထိန်းကျောင်း၊ မတိမ်းစောင်းဘဲ
စိတ်ကောင်းလှလှ၊ မွှမ်းခြယ်မှလျှင်
နိုးထစွမ်းပြ၊ မြင့်မားမှလျှင်
ဘဝလျှောက်လှမ်း၊ စဉ်ဖြောင့်တန်းကာ
လမ်းကြောင်းချောမွေ့ ဝင့်ဝင့်ထည်
ကိုယ့်ဂုဏ်လည်းမြင့် ကောင်းခြင်းကြွယ်
ပန်းသတင်း လေညင်း ဆောင်သည့်နှယ်။ ။

**မင်းသွေးနွယ်(ဓနုကုန်း)**

# စလင်းမြို့နယ် အင်းတဲ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး


**စလင်း ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အင်းတဲ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်းတဲ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အင်းတဲ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုဒုတိယနှစ် စက်ဝန်းတွင် အိမ်ထောင်စု ၁၃၀ ကို ငွေကျပ်သန်း ၂၀ ထုတ် ချေးပေးထားကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။ **သန်းသန်းမိုး**

# မူးယစ်ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အာနိသင် မပါရှိပါ



ပြဋ္ဌာန်းထားသော ဥပဒေပါစကားရပ်များကို ကောက်ယူသုံးသပ်ဆုံးဖြတ်ရာတွင် မလွဲမှားရန် လွန်စွာအရေးကြီးပါသည်။ ဥပဒေပါစကားရပ်ကို မိမိလိုသလို အဓိပ္ပာယ် ကောက်ယူ၍မရပါ။ ပြဋ္ဌာန်းချက်တွင် မပါသည်ကိုလည်း ဖြည့်စွက်၍မရပါ။ မူးယစ်ဆေးဝါးဥပဒေနှင့် သက်ဆိုင်သော အမှုတစ်ခုတွင် တရားရုံးက ကောက်ယူသုံးသပ်ချက်တစ်ခုသည် မူလပြဋ္ဌာန်းချက်တွင် ပါဝင်ခြင်းမရှိသဖြင့် အထူးအယူခံခုံရုံးထိ တက်ရောက်ခဲ့ရသော အမှုတစ်ခုသည် ဥပဒေဗဟုသုတရရှိစေရန် လွန်စွာအထောက်အကူဖြစ်ပါ၍ ရေးသားဖော်ပြပါဦးမည်။

အမှုဖြစ်ပွားပုံမှာ ရန်ကုန်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်အောင်နိုင်နှင့် ရဲတပ်ကြပ်ကြီးစံတင်တို့သည် ၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂၃ရက် နံနက်တွင် လမ်းမတော်မြို့နယ် မော်တင်ဈေးအနီးတွင် သက်နိုင် ခေါ် သိုက်စိုးကို မသင်္ကာသဖြင့် ရှာဖွေစစ်ဆေးရာ ၎င်း၏ညာဘက်လက်ဖျံတွင် ဆေးထိုးအပ်ရာများ တွေ့ရှိရသည်။ ၎င်းနေထိုင်ရာ လမ်းမတော်မြို့နယ် (၅)ရပ်ကွက် (၁) လမ်းနေအိမ်သို့ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အိမ်ရှေ့နံရံ ဘုရားစင်ဘေးရှိ တန်းပေါ်တွင် ဘိန်းဆီအာနိသင်ပါရှိသည်ဟုထင်ရသော ပင်နီဆီလင် ပုလင်းခွံနှစ်လုံးကို တွေ့ရှိရသည်။

သက်နိုင် ခေါ် သိုက်စိုးကို ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ တရားစွဲဆိုခဲ့ရာ လမ်းမတော်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် (၅၅၀/၉၄) တွင် မူးယစ်ပုဒ်မ ၁၅ နှင့် ၁၆ (ဂ)အရ စွဲချက်တင် စစ်ဆေးပြီး ပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် အလုပ်နှင့်ထောင်ဒဏ် သုံးနှစ် နှင့် ခြောက်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းပုဒ်မ ၁၆ (ဂ) အရ ပြစ်မှုထင်ရှား မတွေ့ရှိရသဖြင့် ထိုပြစ်မှုမှ အပြီးအပြတ်လွှတ်သည့်အမိန့်ကို ချမှတ်သည်။

အဆိုပါအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် တရားရုံးချုပ်တွင် အယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ်က တရားခံ သက်နိုင် ခေါ် သိုက်စိုး အပေါ်တွင် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေပုဒ်မ-၁၆ (ဂ)အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကို တရားခံသက်နိုင်က မကျေနပ်သဖြင့် တရားရုံးချုပ် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူးအယူခံမှု)ကို လျှောက်ထားရာ "လျှောက်ထားသူထံမှ သိမ်းဆည်းရမိသည်ဆိုသော ပင်နီဆီလင် ပုလင်းခွံနှစ်လုံးတွင် ဘိန်းစိမ်းအာနိသင်ရှိသည့်ပစ္စည်းဟုပေါ်ပေါက်၍ အဆိုပါပစ္စည်းသည် ၎င်းဥပဒေပုဒ်မ-၂ (က)နှင့် (ခ)ပါ မူးယစ်ဆေးဝါး ဟုတ်/မဟုတ်၊ ထိုကဲ့သို့ လျှောက်ထားသူထံမှ အချင်းဖြစ်ပစ္စည်းကို သိမ်းဆည်းရမိ၍ လျှောက်ထားသူအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၆ (ဂ)အရ တရားရုံးချုပ်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေ နှင့် ညီ၊ မညီ" ဟူသော ပြဿနာကို စုံညီခုံရုံး(ယခုအထူးအယူခံခုံရုံး)ဖြင့်ကြားနာစစ်ဆေးနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွင် တရားခံသက်နိုင် ခေါ် သိုက်စိုး၏ နေအိမ်မှ ပင်နီဆီလင်ပုလင်းခွံနှစ်လုံးကို သိမ်းဆည်းရမိသည်ဆိုသောအချက်မှာ အငြင်းမပွားပေ။ တရားခံသက်နိုင်က ၎င်းပင်နီဆီလင်ပုလင်းခွံနှစ်လုံးမှာ ဖခင် ဦးစံမောင် လေဖြတ်ရောဂါခံစားနေရ၍ တိုင်းရင်းမြန်မာဆေးဆရာကြီး ဦးဇော်ထက်ပေးသော ဆေးများဖြစ်ကြောင်း၊ သိမ်းဆည်းချိန်တွင် အရည်မရှိတော့ဘဲ ပုလင်းခွံသာ ဖြစ်ကြောင်း၊ ထိုပုလင်းခွံထဲတွင် မူးယစ်ဆေးဝါး ပါ၊ မပါ ၎င်းနှင့် ဖခင်တို့ မသိကြောင်း ထုချေသည်။

ဆေးဆရာ ဦးကျော်အေး (ခံပြ-၃) က ဦးစံမောင်အား ပေးသော ဆေးနံပါတ်(၂၂)တွင် ဘိန်းရှစ်ပဲသားပါဝင်ဖော်စပ်ထားကြောင်း ဆေးကုသမှုမှတ်တမ်းစာအုပ်ကို သက်သေခံအဖြစ် တင်ပြပြီးထွက်ဆိုထားသည်။ ၎င်းထွက်ဆိုချက်များအရ မြို့နယ်တရားရုံးက သက်သေခံပစ္စည်း ပင်နီဆီလင် ပုလင်းခွံနှစ်လုံးမှာ သိုက်စိုး၏ဖခင် သုံးစွဲသည့်ဆေးပုလင်းခွံဖြစ်၍ တရားခံလက်ဝယ်တွင် ထားရှိသောပစ္စည်းမဟုတ်ကြောင်း သုံးသပ်ပြီး တရားခံကို အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းကို စိစစ်ဖော်ထုတ်ခဲ့ပါသည်။

တရားရုံးချုပ်က သက်သေခံပင်နီဆီလင် ပုလင်းခွံနှစ်လုံးတွင် ဘိန်းအာနိသင်ပါရှိသည်ဟူသောအချက်ပေါ်တွင် အခြေပြုပြီး တရားခံ သက်နိုင်ခေါ် သိုက်စိုးကို ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၆ (ဂ) အရ အလုပ်နှင့်ထောင်ဒဏ်ငါးနှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ရာ အထူးအယူခံခုံရုံးက ထိုအမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ ဆက်လက်စိစစ်ခဲ့ပါသည်။

မူးယစ်ဆေးဝါးဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုလိုကြောင်း ၁၉၉၃ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၂(က) တွင် ဖော်ပြထားသည်။

(၁) ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုးမျိုး၊ ၎င်းအပင် တစ်မျိုးမျိုးမှထွက်ရှိသော (သို့မဟုတ်) ထုတ်လုပ်သောအရာဝတ္ထုများ၊ ဆေးဝါးများ

(၂) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့်ဆေးဝါးများ၊ ၎င်းဆေးဝါး တစ်မျိုးမျိုးပါဝင်သော အရာဝတ္ထုများ

စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် ဆေးဝါးများကို ဆိုကြောင်း၊ ၎င်းဥပဒေပုဒ်မ-၂ (ခ)တွင် ဖော်ပြထားသည်။

အထက်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ မူးယစ်ဆေးဝါးဆိုသည်မှာ မူးယစ်ဆေးဝါး တစ်မျိုးမျိုး ပါဝင်သည့် အရာဝတ္ထုနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဖြစ်သည်။ **"အာနိသင်သည် ရုပ်ဝတ္ထုသော်လည်းကောင်း၊ အလေးချိန်သော်လည်းကောင်း ရှိသောပစ္စည်းမဟုတ်သဖြင့် ဘိန်းအာနိသင်ပါသော ပင်နီဆီလင်ပုလင်းခွံနှစ်လုံးကို မူးယစ်ဆေးဝါးဖြစ်သည်ဟုသော်လည်းကောင်း၊ စိတ်ကိုပြောင်းလဲစေသော ပစ္စည်းဖြစ်သည်ဟု သော်လည်းကောင်း ဆိုနိုင်မည် မဟုတ်ကြောင်း"** အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

မောင်ဝင်းဇော်မိုးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ အမှုတွင် တရားရုံးချုပ်က ဘိန်းအာနိသင်ပါသည့် မြေအကြမ်းပန်းကန်သည် မူးယစ်ဆေးဝါးမဟုတ်ကြောင်း သုံးသပ်ထားသည်။ မဝါဝါကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၁၉၉၉ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ်-၅၆၂ ၊ ဘိုဘိုဟန်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လူချော ခေါ် ဇော်ထိုက် ၂၀၀၀ ပြည့်နှစ် (ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ်-၅၁၃)တွင်လည်း **"အာနိသင်"**နှင့် စပ်လျဉ်း၍ အလားတူဆုံးဖြတ်ပေးခဲ့ပြီးဖြစ်ကြောင်း ရုံးတော်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးကလည်း ဘိန်းအာနိသင်ရှိသော ပင်နီဆီလင် ပုလင်းခွံနှစ်လုံးမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဖြစ်သည်ဟု မပေါ်ပေါက်ကြောင်း တင်ပြခဲ့ရာ ထိုပုလင်းခွံ နှစ်လုံးသည် မူးယစ်ဆေးဝါး မဟုတ်ကြောင်း ထုတ်ထားသောပြဿနာ၏ပထမပိုင်းကို ဖြေဆိုရမည်ဖြစ်ကြောင်း ရုံးတော်က သုံးသပ်ခဲ့ပါသည်။

ပြဿနာ၏ ဒုတိယပိုင်းနှင့်စပ်လျဉ်း၍ အယူခံတရားလိုအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၆ (ဂ) အရ တရားရုံးချုပ်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီ၊ မညီ ဆက်လက်သုံးသပ်ခဲ့ပါသည်။ "မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းပြုလုပ်လျှင် ပြစ်မှုမြောက်ကြောင်း" ပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်အရဆိုလျှင် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားမှသာ ပြစ်မှုမြောက်မည်ဖြစ်ပြီး မူးယစ်ဆေးဝါးမဟုတ်သောပစ္စည်းကို လက်ဝယ်ထားပါက ၎င်းဥပဒေပုဒ်မ-၁၆ (ဂ)အရ ပြစ်မှုမြောက်မည် မဟုတ်ကြောင်း အထူးအယူခံခုံရုံးက သုံးသပ်ခဲ့ပါသည်။

ထို့နောက်တစ်ဖန် ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူးက အယူခံတရားလိုသည် မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ကြောင်း ပေါ်ပေါက်နေသဖြင့် မူးယစ်ဆေးဝါးကို သက်သေခံအဖြစ် မသိမ်းဆည်းနိုင်စေကာမူ ဘိန်းအာနိသင်ပါသောပင်နီဆီလင်ပုလင်းခွံနှစ်လုံးတွေ့ရှိမှုကို ထိုပုလင်းခွံထဲတွင် မူးယစ်ဆေးထည့်၍ အသုံးပြုခဲ့ကြောင်း ဖော်ညွှန်းလျက်ရှိသဖြင့် တရားခံအပေါ် ၎င်းဥပဒေပုဒ်မ-၁၆ (ဂ)အရအပြစ်ပေးခြင်းမှာ ဥပဒေနှင့်ညီညွတ်ကြောင်း စီရင်ထုံးများကို ကိုးကားလျှောက်လဲခဲ့ပါသည်။ အထူးအယူခံခုံရုံးက ရှေ့နေချုပ်ရုံးမှ တင်ပြသော စီရင်ထုံးများသည်ယခုအမှုနှင့် ဖြစ်ရပ်ချင်းမတူကြောင်း စိစစ်သုံးသပ်ခဲ့ပါသည်။

ယခုအမှုတွင် သက်နိုင် ခေါ် သိုက်စိုး၏ ညာဘက်လက်ဖျံ၌ ဆေးထိုးအပ်ရာတွေ့ရှိသဖြင့် ၎င်းအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ-၁၅အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီးဖြစ်သည်။ **ထိုသို့ မူးယစ်ဆေးဝါးကို မှတ်ပုံမတင်ဘဲ သုံးစွဲမှုအတွက် ပြစ်မှုထင်ရှားစီရင်ခံရသဖြင့် ၎င်း၏နေအိမ်တွင် တွေ့ရှိရသော ဘိန်းအာနိသင်ရှိသည့် ပင်နီဆီလင် ပုလင်းခွံနှစ်လုံးမှာ မူးယစ်ဆေးဝါးထည့်၍ အသုံးပြုသောပစ္စည်းဖြစ်ရမည်ဟူ၍ ကောက်ယူကာ မူးယစ်ဆေးဝါးကို လက်ဝယ်ထားရှိမှုအတွက် အယူခံတရားလိုကို ပြစ်မှုထင်ရှားစီရင်မည်ဆိုပါက ထင်ကြေးဖြင့် အပြစ်ပေးရာ ရောက်မည်ဖြစ်ကြောင်း** အထူးအယူခံခုံရုံးက ဝေဖန်သုံးသပ်ခဲ့ပါသည်။

သက်သေခံ ပင်နီဆီလင်ပုလင်းခွံနှစ်လုံးမှာ မူးယစ်ဆေးဝါး မဟုတ်ကြောင်း အထက်တွင် သုံးသပ်ခဲ့ပြီးဖြစ်ရာ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ -၁၆ (ဂ) (မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှု)ဖြင့် အယူခံတရားလိုကို တရားရုံးချုပ်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟုဆိုနိုင်မည် မဟုတ်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ပြီးနောက် သက်နိုင် ခေါ် သိုက်စိုးကို တရားရုံးချုပ်က မူးယစ်ဥပဒေပုဒ်မ-၁၆ (ဂ) အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်း ပြစ်ဒဏ်စီရင်ခြင်းတို့ကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလိုကို ၎င်းပြစ်မှုနှင့် ပတ်သက်သမျှအမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်ပါသည်။ သက်နိုင် ခေါ် သိုက်စိုးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ်-၁၆ ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

❖ ပြဿနာ၏ ဒုတိယပိုင်းနှင့်စပ်လျဉ်း၍ အယူခံတရားလိုအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၆(ဂ)အရ တရားရုံးချုပ်က ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီ၊ မညီ ဆက်လက်သုံးသပ်ခဲ့ပါသည်။ "မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းပြုလုပ်လျှင် ပြစ်မှုမြောက်ကြောင်း" ပြဋ္ဌာန်းထားသည်။ ❖

စိန်လှိုင်ဖိုးလ်

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း တီလားဗီးယားပိသာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက တီလားဗီးယားပိသာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက တီလားဗီးယားပိသာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း တီလားဗီးယားပိသာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ပြည်တွင်း ရန်ကုန်ဈေးကွက်ကလဲ တီလားဗီးယားတွေကို ဝယ်ယူမှု ကောင်းနေတယ်။ ဒါကြောင့် ပိသာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ တီလားဗီးယားငါး ပိသာချိန်တွေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အလုပ်အကိုင် ကောင်းနေပါတယ်"ဟု ဒေါ်ညိုညိုက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် မွေးမြူသည့် တီလားဗီးယားနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဗီးယားများထွက်ရှိကြောင်း၊ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် တီလားဗီးယား တစ်ပိသာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လဟယ်မြို့နယ် ယွန်တိုင်းကျေးရွာတွင် ဆိုင်ကယ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**လဟယ် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် လုံခင်ကျေးရွာအုပ်စု ယွန်တိုင်းကျေးရွာ၌ ဆိုင်ကယ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ယွန်တိုင်းကျေးရွာတွင် ဆိုင်ကယ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လဟယ်မြို့နယ် ယွန်တိုင်းကျေးရွာ၌ အရှည် ခြောက်မိုင်၊ အကျယ် ခြောက်ပေရှိ ဆိုင်ကယ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၁၂ အိမ်၊ လူဦးရေ ၈၆၆ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စိုးက ပြောပြ၍ သိရသည်။

**မောင်နိုင်**

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၃၇၄၃၆ ဧက ရိတ်သိမ်းပြီးစီး

**ဟုမ္မလင်း ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၃၇၄၃၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ကြရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိ ၃၇၄၃၆ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၅၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဟုမ္မလင်းခရိုင်မှာ မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ရိတ်သိမ်းမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဇန်နဝါရီ ၁ ရက်ထိ မိုးစပါးဧက ၃၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပါပြီ။ အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်။ မိုးစပါးစိုက် တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။



ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ဧက ၆၄၁၆၀၊ မိုပိုင်းလွတ်မြို့တွင် ၅၅၁ ဧက စုစုပေါင်း ၆၄၇၁၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် မိုးစပါးစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရန်၊ ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန် စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။(၂၀၆)

# ရမည်းသင်းမြို့နယ် သစ်ဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ဆုံကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁၄ သိန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သစ်ဆုံကြီးကျေးရွာတွင် နဝမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၉ ဦးကို ရန်ပုံငွေကျပ် ၄၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# တောင်ကြီးမြို့နယ် ကျောက်နီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တောင်ကြီး ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်နီကျေးရွာအုပ်စု ကျောက်နီကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာ၊ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျောက်နီကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်ကြီးမြို့နယ် ကျောက်နီကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားကုန်ထုတ်လမ်း သဲဖြန့်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၀၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၀၈ အိမ်မှလူ ၅၆၆ ဦးတို့၏ လယ်ယာမြေဧက ၃၀၀ ကျော်မှထွက်ရှိသော စိုက်ပျိုးသီးနှံထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင် နိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာကပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် လွတ်လပ်ရေးအမွေ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်သည် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ထိုနေ့သည် တိုင်းရင်းသားပြည်သူအားလုံး နယ်ချဲ့ကိုလိုနီတို့၏ လက်အောက်မှ လွတ်မြောက်ခဲ့သည့်နေ့ဖြစ်သည်။ ဘိုး၊ ဘွား၊ ဘီ၊ ဘင်များသည် အသက်သွေးချွေးများစွာ ပေးဆပ်ပြီးမှသာ လွတ်လပ်ရေးကို ရရှိခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မျိုးချစ်တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့၏ ထောက်ခံမှုနှင့်အတူ နယ်ချဲ့နှင့် ဖက်ဆစ်တို့ကိုတိုက်ထုတ်နိုင်ခဲ့သဖြင့် တိုင်းပြည်လွတ်လပ်ရေး ရရှိခဲ့ခြင်းပင်ဖြစ်သည်။ လွတ်လပ်ရေးရရှိရေးအတွက် အချိန်နှင့်အသက်သွေးချွေးများစွာပေးဆပ်ခဲ့ရသော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး အမှုမဲ့အမှတ်မဲ့နေသွားမည်ဆိုလျှင် ရရှိထားသောလွတ်လပ်ရေးသည် မျက်စိတစ်မှိတ်အတွင်း ပြန်လည်ဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် တိုင်းရင်းသားအားလုံးသည် လွတ်လပ်ရေးအမွေကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိပေသည်။

**လွတ်လပ်ရေး ဆုံးရှုံး**

မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်တွင် ခိုင်မာသောလူမျိုးသမိုင်း၊ ခိုင်မာသောနိုင်ငံသမိုင်းနှင့် တည်တံ့ခိုင်မြဲသောအချုပ်အခြာအာဏာပိုင်ရေ၊ မြေပိုင်နက်နယ်နိမိတ်များပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်ခဲ့သည်။ အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့လက်ထက် အရှေ့တောင်အာရှဒေသတွင် မဟာအင်အားကြီးနိုင်ငံအဖြစ်ရပ်တည်နိုင်ခဲ့သည်။

သို့ရာတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလများ၌ နယ်ချဲ့တို့၏ကျူးကျော်စစ်သုံးကြိမ် တိုက်ခိုက်ခံရပြီးနောက် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ်သို့ လုံးလုံးလျားလျားကျရောက်ခဲ့ရသည်။ နယ်ချဲ့ကိုလိုနီများသည် မြန်မာနိုင်ငံကို နည်းလမ်းပေါင်းစုံဖြင့် အမြတ်ထုတ်အသုံးချခဲ့သည်။ တိုင်းရင်းသားပြည်သူများကိုသွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ အထူးသဖြင့် တောင်တန်းနှင့် ပြည်မကို သွေးခွဲအုပ်ချုပ်ခြင်းဖြင့် ကြာရှည်ကျွန်ပြုနိုင်အောင် ကြံစည်ခဲ့ကြသည်။ နယ်ချဲ့ကိုလိုနီတို့သည် ၁၈၂၄ ခုနှစ် ကတည်းကအောက်မြန်မာနိုင်ငံကို စတင်ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၀ ကျော်ကြာမြင့်ခဲ့သည်။ နယ်ချဲ့တို့၏ ညှဉ်းပန်းနှိပ်စက် ကုပ်သွေးစုပ်မှုကို အလူးအလဲ ခံခဲ့ကြရသည်။ ပင်ပန်းကြမ်းတမ်းသော ကာလများပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ တိုင်းရင်းသားပြည်သူများသည် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့တို့ကိုတော်လှန်ခဲ့ကြသည်။ ထို့နောက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေ၊ ဘီဒီအေ၊ ဘီအင်န်အေ၊ ပီဘီအက်(ဖ်) တပ်မတော်များနှင့်အတူ နယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အမြစ်ပြတ် ချေမှုန်းတိုက်ထုတ်နိုင်ခဲ့သည်။ ထို့ပြင် မြန်မာ့လွတ်လပ်ရေးအတွက်လည်း နယ်ချဲ့တို့ထံ တောင်းဆိုနိုင်ခဲ့သည်။ အမှန်တကယ် လွတ်လပ်ရေးဗိသုကာကြီး၏ အမြော်အမြင်ကြီးမားမှုကြောင့် ကျွန်တော်တို့တိုင်းပြည်နှင့်လူမျိုးအတွက်အသက်တမျှ အရေးပါသော လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လက်ဝယ်ပိုင်ဆိုင်ရယူနိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၂၄ခုနှစ် ဇန်နဝါရီလ ၄ ရက်သည် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ပင်ဖြစ်သည်။

**ကိုလိုနီအမွေဆိုး**

နယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှ မောင်းထုတ်ပြီးနောက် လွတ်လပ်ရေးရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့သော်လည်း ကိုလိုနီအမွေဆိုးများကမူ ကျန်ခဲ့သည်။

> ❖ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် တိုင်းပြည်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုထာဝစဉ်ထိန်းသိမ်းထားနိုင်ရန် ကိုယ်စီတာဝန်ရှိကြသည်။ ထိုတာဝန်ကိုကျေပွန်ရန်အတွက် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားသင့်ပေသည်။ လွတ်လပ်ရေး၏တန်ဖိုးကို မလွတ်လပ်သောအချိန်မှသာသိရှိကြသည်။ ဘိုး၊ ဘွား၊ ဘီ၊ ဘင်များသည် အသက်သွေးချွေးပေါင်းများစွာပေးဆပ်ကာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြရသည်။ ထိုလွတ်လပ်ရေးအမွေကို ဆက်လက်ထိန်းသိမ်းရေးသည် မျိုးဆက်သစ်များ၏ တာဝန်ပင်ဖြစ်ပေသည်။ ❖

တိုင်းရင်းသားညီအစ်ကိုများကြား စိတ်ဝမ်းကွဲပြီး တစ်ဦးနှင့်တစ်ဦး သံသယဝင်ကာလက်နက်စွဲကိုင်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် လွတ်လပ်ရေးရရှိခဲ့သည်မှာ (၇၆) နှစ်ပြည့်တော့မည်ဖြစ်သည်။ သို့သော်လည်း တစ်နိုင်ငံလုံးလွှမ်းခြုံသော ငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်နိုင်ခြင်းမရှိသေးဘဲ အချို့သောဒေသများတွင် သေနတ်သံများ ကြားနေရဆဲပင်ဖြစ်သည်။ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

အထူးသဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ဖြစ်ပွားခဲ့သည့်မဲလိမ်မှုကို အကြောင်းပြု၍ ပေါ်ပေါက်လာသော NUG၊ CRPHနှင့် PDF အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နိုင်ငံတစ်ဝန်း၌ စာသင်ကျောင်းများနှင့် ဆေးရုံများအပါအဝင် လမ်း၊ တံတားများ၊ ရုံး၊ ဌာနအဆောက်အအုံများ စသည့်အခြေခံအဆောက်အအုံများစွာပျက်စီးဆုံးရှုံးခဲ့ရသည်။ PDF အကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ဒလန်ဟုစွပ်စွဲကာ လူမဆန်စွာ အကြောင်းမဲ့သတ်ဖြတ်လျက်ရှိကြသည်။

အချို့သော EAO အဖွဲ့များသည် PDF များကို အကြမ်းဖက်သင်တန်းများပို့ချပေးခြင်း၊ လက်နက်၊ ခဲယမ်းများထောက်ပံ့ပေးခြင်းဖြင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် အားပေးကူညီခဲ့ကြသည်။ အကြမ်းဖက်လုပ်ရပ်ထောက်ခံသည့် အချို့ပြည်ပနိုင်ငံများကလည်း တရားမဝင်ငွေကြေးအကူအညီများပေးခဲ့ကြသည်။ လှုံ့ဆော်အားပေးလုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီစံနှုန်းနှင့်မကိုက်ညီသော ဒီမိုကရေစီနိုင်ငံကြီးများ၏အပြုအမူပင်ဖြစ်သည်။

**အမြတ်ထုတ်အသုံးချ**

ထို့ပြင် MNDAA၊ TNLA၊ AA နှင့် KIA သောင်းကျန်းသူအဖွဲ့များသည် တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းထားသည်ကို အခွင့်ကောင်းယူကာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တပ်မတော်လုံခြုံရေးစခန်းများကို အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ကာ အမြတ်ထုတ်အသုံးချလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထားသော်လည်း EAO များသည် လက်နက်စွဲကိုင်ရသည့်အရသာကို မစွန့်လွှတ်နိုင်ကြပေ။ အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူများသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေခဲ့ရသည်။ သောင်းကျန်းသူများအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေမည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ပုံမှန်လည်ပတ်နိုင်ခြင်းမရှိသဖြင့် ဒေသခံပြည်သူများနှင့် တိုင်းပြည်သာ ထိခိုက်နစ်နာစေမည်ဖြစ်သည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ထာဝရငြိမ်းချမ်းရေး**

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအဆက်ဆက်သည် တိုင်းပြည်ငြိမ်းချမ်းရေးကို ထူဆစ်ပုံဖော်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူညီချက် (NCA) ကိုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် တပ်မတော်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစ၍ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို တစ်ဖက်သတ် အပစ်ခတ်ရပ်စဲထားခဲ့သည်။

လက်ရှိအချိန်တွင် တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသော အန္တိမဆန္ဒသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန်ပင်ဖြစ်သည်။ ထိုသို့ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောစေရန် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် များစွာအရေးပါလျက်ရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အသက်တမျှအရေးပါလျက်ရှိသည်။ စည်းလုံးညီညွတ်မှု အင်အားချည့်နဲ့ယိုယွင်းလာသောနိုင်ငံသည် အဘက်ဘက်မှ အနုတ်လက္ခဏာဆောင်လာမည်ဖြစ်သည်။

ထို့ပြင် စည်းလုံးညီညွတ်မှုပြိုကွဲလျှင် နိုင်ငံလည်းအစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားနိုင်ပေသည်။ ဆိုလိုသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် မောင်းနှင်အား တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရန်လိုအပ်မည်ဖြစ်သည်။

တိုင်းရင်းသားညီအစ်ကိုများကြား ခိုင်မာစွာ စည်းလုံးညီညွတ်မှုကိုသာ တည်ဆောက်ထားနိုင်မည်ဆိုလျှင် တိုင်းပြည်အင်အား တောင့်တင်းခိုင်မာနေမည်ဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာနေသောနိုင်ငံကို မည်သည့်နိုင်ငံကမျှ ကျူးကျော်ရန်စဝံ့မည်မဟုတ်ချေ။ သို့မှသာ ထိုနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမြဲတစေထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

**ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ရမည့် လွတ်လပ်ရေးအမွေ**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် တိုင်းပြည်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုထာဝစဉ်ထိန်းသိမ်းထားနိုင်ရန် ကိုယ်စီတာဝန်ရှိကြသည်။ ထိုတာဝန်ကိုကျေပွန်ရန်အတွက် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားသင့်ပေသည်။ လွတ်လပ်ရေး၏တန်ဖိုးကို မလွတ်လပ်သောအချိန်မှသာ သိရှိကြသည်။ ဘိုး၊ ဘွား၊ ဘီ၊ ဘင်များသည် အသက်သွေးချွေးပေါင်းများစွာပေးဆပ်ကာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြရသည်။ ထိုလွတ်လပ်ရေးအမွေကို ဆက်လက်ထိန်းသိမ်းရေးသည် မျိုးဆက်သစ်များ၏ တာဝန်ပင်ဖြစ်ပေသည်။ သွေးစည်းညီညွတ်မှုမရှိဘဲ အမှုမဲ့အမှတ်မဲ့သာနေထိုင်နေမည်ဆိုလျှင် ရရှိထားသောလွတ်လပ်ရေးသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပြန်လည်လက်လွှတ်ဆုံးရှုံးသွားနိုင်သည်။

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏လွတ်လပ်ရေး ထာဝစဉ်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ထိုနိုင်ငံရှိပြည်သူအားလုံး၏တာဝန်ပင်ဖြစ်သည်။ ထိုလွတ်လပ်ရေးအမွေကိုပြည်သူများကြား တည်ဆောက်ထားသည့် စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့်သာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ အမှတ်တမဲ့ဆုံးရှုံးသွားခဲ့သော မြန်မာ့လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် ဘိုး၊ ဘွား၊ ဘီ၊ ဘင်များသည် အသက်သွေးချွေးများစွာပေးဆပ်ခဲ့ကြရသည်။ ထိုသို့ပေးဆပ်ခဲ့ရမှုသည် **တန်ဖိုးမဖြတ်နိုင်သောလွတ်လပ်ရေးအမွေ**ကို မြတ်နိုးတန်ဖိုးထား ပြီး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်သည် တိုင်းရင်းသားအားလုံးအတွက် ပဓာနကျသော တာဝန်ပင်ဖြစ်ပေသည်။

မောင်သောင်းဝင်း(တမန်ဟောင်း)

# ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ဒီဇင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၃၄၂၅၅ ဦး လာရောက်လည်ပတ်ခဲ့



**ပုသိမ် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးရှိ ငွေတောင်ကမ်းခြေသို့ ဒီဇင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၃၄၂၅၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ နိုဝင်ဘာလအတွင်းက ပြည်တွင်း၊ ပြည်ပခရီးသွား ၃၀၅၅၄ ဦး လာရောက်လည်ပတ်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ပြည်တွင်း၊ ပြည်ပ ခရီးသွား ၃၄၂၅၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ငွေတောင်ကမ်းခြေကို ပြည်တွင်း၊ ပြည်ပခရီးသွား ၃၄၂၅၅ ယောက် လာရောက်လည်ပတ်ခဲ့ပါတယ်။ ပွင့်လင်းရာသီ ရောက်လာတာနဲ့အမျှ ခရီးသွားဧည့်သည် လာရောက်မှု များပြားနေပါတယ်။ တစ်လအတွင်း ရန်ကုန်နဲ့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးအတွင်းက ပြည်တွင်း ခရီးသွားတွေများခဲ့ပါတယ်။ လက်ရှိလဲ လာရောက်လည်ပတ်တဲ့ သူတွေ များနေပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာတော့ မိသားစုလိုက်လာတဲ့ ခရီးသွားဧည့်သည်တွေများပါတယ်။ လာမဲ့နွေရာသီ ကျောင်းပိတ်ရက်တွေမှာ အခုထက် ခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေကို ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း လာရောက်လည်ပတ်အပန်းဖြေသည့် ခရီးသွားဧည့်သည်များတွင် ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ကြောင်း၊ ခရစ္စမတ်ပိတ်ရက်၊ ဒီဇင်ဘာပိတ်ရက် စသည့်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ကာလများတွင် အများဆုံးလာရောက်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြင်းခြံမြို့နယ် သဘော်တင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြင်းခြံ ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေါင်းကွဲကျေးရွာအုပ်စု သဘော်တင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သဘော်တင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သဘော်တင်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၆၆ သိန်း စုစုပေါင်းငွေကျပ် ၂၁ ဒသမ ၆၆ သိန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားသဖြင့် သဘော်တင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ လွယ်ကူပြီး ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က ပြောပြ၍ သိရသည်။**မောင်စိုင်**

ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၅၀ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၀ | ၂၆၀၅ | ၂၅၈၅ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၈၇၀ | ၂၉၀၀ |
| 95 Ron | ၂၆၅၅ | ၂၇၀၅ | ၂၇၀၅ | ၂၆၆၅ | ၂၇၀၅ | ၂၇၂၅ | ၂၇၁၀ | ၂၆၉၀ | ၂၇၉၀ | ၂၈၀၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၀ | ၂၇၅၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၆၅ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၇၅ | ၂၈၀၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၂ | ၂၅၁၄ |
| 95 Ron | ၂၅၃၃ | ၂၆၁၈ |
| HSD (500 ppm) | ၂၃၂၃ | ၂၃၉၉ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

## နဲ့ ပြည့်စွမ်းထား ...




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော







"မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်"

# ရတနာပုံ ခန်းမ



## ရရှိနိုင်သောဝန်ဆောင်မှုများ

ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှမာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။



## စာရေးမတစ်ဦး အလိုရှိသည်

- လစာ ၁၉၀,၀၀၀/
- ဒန်/သတ္တုဆိုင်
- ဈေးချိုအနောက်ဘက်၊ ၂၆ × ၂၇ ကြား၊ ၈၆ × ၈၇ ကြား၊ ဒဂုံးဝင်းလမ်း
- 09-444015552


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်း၊ အကွက်(၁၀၂)နေ ဦးခင်မောင်ညွန့် ၏သားဖြစ်သူ **မောင်ရဲနိုင်ဦး(၉/အမဇ(နိုင်)၀၅၈၅၆၁)** သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး အိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ ၎င်းပြုလုပ်သည့်ကိစ္စအဝဝသည် ကျွန်ုပ်တို့မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်မောင်ညွန့် (၉/အမရ(နိုင်)၀၅၄၉၉၁)**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက် (၅၈၆)နေ ဒေါ်ခင်စန်းအေး (ဘ) ဦးထွန်းတင် (၉/မရမ(နိုင်)၀၀၁၄၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-762063) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၀၂၇၆၅၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်နေ ဦးမျိုးတင့်-ဒေါ်မိုးမိုးသန်း တို့၏သား **မောင်မင်းမြတ်ဟိန်း (၉/မဟမ(နိုင်)၀၇၁၉၇၇)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမျိုးတင့် (၉/မနတ(နိုင်)၀၂၃၁၄၃)**

**ဒေါ်မိုးမိုးသန်း (၁၃/ကမန(နိုင်)၀၀၁၂၂၉)**

**သင့်ဒေသ့ဖြင့် အသက်ကယ်ပါ**

## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## စာပေမြင့်မှ လူမျိုးတင့်မည်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
- (ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
- (က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- (ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- (ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- (ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
- (ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာပြောင်းလဲသွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး





(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေရေးအစီအစဉ် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဥပစာမြက်ခင်းပြင်နှင့် ဂုဏ်ပြုခန်းမဆောင်ကြီး၌ ကျင်းပမည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြု ဖျော်ဖြေရေးအစီအစဉ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD Channel၊ MRTV-News Channel၊ MRTV-NRC၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament Channel၊ MITV Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Channel Light Channel၊ Readers' Channel၊ 5 plus Channel၊ Sky Net Up to Date၊ Sky Net တိုင်းရင်းသား Channel၊ MRTV Website၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒုမ္မာ FM၊ ရွှေ FM၊ သဇင် FM နှင့် Star FMတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**

